## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည်ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၉၆)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ ကြာသပတေးနေ့


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ခိုင်မာသောမိတ်ဆွေနိုင်ငံများအဖြစ် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H. E. Mr. Heuangseng KHAMDALAVONG အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H. E. Mr. Heuangseng KHAMDALAVONG အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ခိုင်မာသောမိတ်ဆွေနိုင်ငံများအဖြစ် ချစ်ကြည်ရင်းနှီးစွာ

**စာမျက်နှာ ၁၁ ကော်လံ ၄** ☆




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်)

# ယုံကြည်ချက် ခံယူချက်ကောင်းများနှင့်အတူ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသားလူငယ်မောင်မယ်များအတွက် အဆင့်မြင့်ပညာများဆည်းပူးရာ ပြည်ထောင်စုကျောင်းတော်ကြီးဖြစ်သည်။ ကျောင်းတော်ကြီးတွင် တိုင်းရင်းသားလူငယ်မောင်မယ်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးမှအစ လိုလေသေးမရှိအောင် နိုင်ငံတော်အစိုးရက တာဝန်ယူစောင့်ရှောက်ပေးထားသည်။ အိပ်ဆောင်တိုင်းတွင် တိုင်းရင်းသားပေါင်းစုံစုစည်းနေထိုင်ကြရသဖြင့် သင်တန်းသားများနေထိုင်ရာတက္ကသိုလ်ကြီးသည် ပြည်ထောင်စုအိမ်ကြီးသဖွယ်ပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၅ ရက်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၆) ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှကျောင်းသား၊ ကျောင်းသူများကိုယ်စား မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်မှ ချင်းတိုင်းရင်းသူ မမြတ်သင်ဇာကျော်က ဂါရဝပြုကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ အဆိုပါတိုင်းရင်းသူ၏ပြောကြားခဲ့သည့်စကားများမှာ အနာဂတ်နိုင်ငံတော်ကို တာဝန်ယူကြရမည့် လူငယ်မောင်မယ်တိုင်းထားရှိရမည့်ယုံကြည်ချက်၊ ခံယူချက်ကောင်းများဖြစ်သည်။

"အနာဂတ်နိုင်ငံတော်ကိုဖန်တီးတည်ဆောက်ကြမယ့် မျိုးဆက်သစ်လူငယ်တွေကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေရှိလာအောင်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးသွားပါမယ်။ အနာဂတ်မှာ အသိပညာကြွယ်ဝတဲ့ လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေးတွေမှာ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တတ်စွမ်းသလောက် ပါဝင်ဆောင်ရွက်သွားပါမယ်။ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားပါမယ်"ဟူ၍ ဂါရဝပြုတင်ပြခဲ့သည်။

အထက်ပါအကြောင်းအချက်များသည် ဆရာ၊ ဆရာမများက ဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်သကဲ့သို့ ကျောင်းသား၊ ကျောင်းသူများကလည်း ပြည့်ဝစွာခံယူလိုက်နာရမည့်ကိစ္စရပ်များဖြစ်သည်။ ဤအချက်အလက်များအတိုင်း နှစ်ဦးနှစ်ဖက်ဆောင်ရွက်နိုင်ကြမည်ဆိုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အနာဂတ်သည် ပိုမိုကောင်းမွန်၍ ပျော်ရွှင်စိတ်ကြည်နူးဖွယ်ကောင်းသည့်အနာဂတ်ကိုပိုင်ဆိုင်ကြလိမ့်မည်ဖြစ်သည်။ လူငယ်မောင်မယ်တိုင်းက မိမိနိုင်ငံကိုမိမိတို့ချစ်မြတ်နိုးစိတ်၊ တန်ဖိုးထားသည့်စိတ်၊ ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုပြိုကွဲမည့်အရေးကိုမည်သည့်အခါမှ တွေးတောခြင်း၊ လုပ်ဆောင်ခြင်းမရှိသည့်စိတ်ဓာတ်များ ရှိနေရမည်ဖြစ်သည်။

လူသားများ၏ဘဝသည် အသိပညာ၊ အတတ်ပညာပြည့်စုံမှုရှိ၊ မရှိပေါ်တွင်မူတည်ပြီး ကွာခြားမှုများပြောင်းလဲမှုများ ရှိနေခြင်းပင်ဖြစ်သည်။ ငယ်စဉ်ကတည်းက ပညာကိုတစိုက်မတ်မတ်ဖြင့် ဆုံးခန်းတိုင်အောင် သင်ယူနိုင်ကြပါက ဘဝအတွက်ပိုမိုအကျိုးရှိမည်ဖြစ်သည်။ ပညာတစ်စိတ်တစ်ပိုင်းဖြင့် ကျောင်းထွက်ကြရပြီး အကြောင်းအမျိုးမျိုးကြောင့် ပညာကိုဆုံးခန်းတိုင်မသင်နိုင်ကြပါက ပညာပြည့်ဝသင့်သလောက်မပြည့်ဝနိုင်ဘဲ ဘဝတွင်လိုအပ်ချက်များ ရှိနေကြရမည်ပင်ဖြစ်သည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အဆင့်မြင့်အစရှိသည့်ပညာကိုသင်ယူပါက သင်ယူနိုင်သလောက် ဘဝတွင်လိုအပ်ချက်များပြည့်စုံနိုင်သည်ကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများအနေဖြင့် မိမိတို့၏ကိုယ်တွေ့နှင့်နှိုင်းယှဉ်ပြီး မိမိတို့၏တပည့်များကို ပညာသင်ယူနိုင်သလောက်သင်ယူကြရန်၊ အတတ်ပညာရှင်၊ အသိပညာရှင်၊ ကျွမ်းကျင်သူ၊ ပါရဂူများဖြစ်သည်အထိကြိုးစားသွားကြရန် တိုက်တွန်းလေ့ကျင့်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် **"တိုင်းပြည်၏အားသည်ပြည်တွင်းမှာသာရှိသည်ဆိုသည်ကို မိမိတို့တစ်တွေ ဖြတ်သန်းခဲ့သည့်သမိုင်းက ပြဆိုခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုပြည်တွင်းအားဖြင့်သာ အဓိကထားတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ မြေပေါ်၊ မြေအောက်နှင့်ရေသယံဇာတကြွယ်ဝပြီး လူသားအရင်းအမြစ်များရှိနေသည့်မိမိတို့နိုင်ငံတွင် တိုင်းရင်းသားအားလုံးညီညီညွတ်ညွတ်ဖြင့် ကြိုးစားကြပါက မိမိတို့နိုင်ငံသည် ဒေသတွင်းမှာသာမက ကမ္ဘာ့ထိပ်တန်းအဆင့်အထိရောက်ရှိမည်မှာ မလွဲကေန်ဖြစ်ကြောင်း"** ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၆) ကျောင်းသား၊ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ဂါရဝပြုတင်ပြချက်များအတိုင်း ယုံကြည်ချက်၊ ခံယူချက်ကောင်းများနှင့်အတူ လျှောက်လှမ်းကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# စာဖတ်ရှုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့်စာဖတ်ရှုန်မြှင့်တင်ရေးလူငယ်စကားဝိုင်းကို အောက်တိုဘာလ ၃၀ ရက်နံနက်ပိုင်းတွင် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ စာပေလေ့လာဖတ်ရှုကြစေရန်၊ စာပေမှတစ်ဆင့် အသိပညာဗဟုသုတတိုးပွားလာစေရန်၊ ရရှိလာသည့် ဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်ရန်၊ အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ နှုတ်စွမ်းရည်များတိုးတက်ပြီး ပရိသတ်ရှေ့တွင် ပြောရဲ၊ ဆိုရဲ၊ ဆွေးနွေးရဲသည့်သတ္တိများရှိလာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့်လူငယ်များပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်ကစေ့စပ်ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်ပြီး အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းမှ Grade-10 ကျောင်းသူ မစုငြိမ်းစံက ရွှေရောင်လူငယ်နှင့်ရွှေရောင်အနာဂတ်၊ Grade-10 ကျောင်းသူ မခြူးခန့်မေကနှုတ်ဆိုစကားနားချိုစေ၊ Grade-10 ကျောင်းသူ မရွှေစင်ဝင်းညိုက တန်ဖိုးရှိသောလူ၊ Grade-10 ကျောင်းသား မောင်ထက်ရှိုင်းကိုက လူငယ်နှင့်အချိန်တန်ဖိုးစသည့် ခေါင်းစဉ်တို့ဖြင့်ဆွေးနွေးကြပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းတွင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုအားပေးကြကြောင်းသိရသည်။　(၄၁၃)

## သဇင် (FM)အသံလွှင့်အစီအစဉ်

၃၁-၁၀-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဝ၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:ဝဝ | အနုပညာခရီးလမ်း |
| ၂။ | ၁ဝ:ဝဝ | Internet Pages | ၅။ | ၁၈:၂ဝ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂ဝ | လွမ်းသဝဏ်လွှာ |


မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/ဝ၃၂-၃ဝ၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ဝ၃၁-၇၄ဝဝ၆၊ ဝ၃၁-၇၄ဝဝ၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ဝ၃၁-၇၄ဝ၂၁၊ ဖြန့်ချီရေး ဝ၁၈-၄ဝဝ၆၉၇၊
ကြော်ငြာ ဝ၃၁-၇၄ဝ၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃ဝ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၂၅ဝ၅၅၆၆၃၈၊ ဝ၃၄-၇၃၆ဝ၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ဝဝ၃၇၈/ဝဝ၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂ဝ၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**"ဒီနှစ်နွေကျောင်းပိတ်ရက်မှာတော့ ယခင်နှစ်များနှင့် မတူသော ကူးသန်းရောင်းဝယ်မှုတစ်ခုကို ကျွန်တော် လုပ်နိုင်ခဲ့ပြန်လေပြီ။ ကျွန်တော့်မှာ ကုန်ကူးသည်ဟုဆိုသော်လည်း အရင်းအနှီးလည်း ဟုတ်တိပတ်တိမရင်းနိုင်သဖြင့် အမြတ်အစွန်းဟူ၍ ရလဒ်များများစားစားမရှိပေ။ သို့သော် လှုပ်ရှားနေသောကြွက်ငယ်သည် အိပ်ပျော်နေသော ခြသေ့်ကြီးထက် အရာရောက်သည်ဟု ဆိုသော စကားအတိုင်း ဘဝအတွက် အလေ့အကျင့်ဖြစ်အောင် လှုပ်ရှားရုန်းကန်နေခြင်းပင်ဖြစ်ပေသည် . . ."**

**ယမန်နေ့မှအဆက်**

"အလုပ်ကိစ္စနဲ့ဆိုရင် ကောင်စီဥက္ကဋ္ဌဆီ သွားလိုက်ပါ" ဆိုသည့် စကားတစ်ခွန်းသည် မည်သို့ပင်ဆိုစေကာမူ ကျွန်တော့်အတွက် အင်အားတစ်ခုကို ဖြစ်စေခဲ့သည်ဟု ကျွန်တော့်အာရုံထဲရောက်လိုက်မိသည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိမြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌမှာ ဇာတိကျွန်းစဉ်နယ်သားဖြစ်သဖြင့် ကျွန်တော့်ရွာနှင့် ရွာနီးချုပ်စပ်ပင်ဖြစ်သည်။ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌသည် အလယ်တန်းကျောင်းအုပ်တာဝန်ထမ်းဆောင်နေစဉ် ၁၉၇၈ ခုနှစ် ဒုတိယအကြိမ် ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ်ရာတွင် မြေပုံမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသူဖြစ်သည်။ ကိုယ့်မြို့နယ်သားဖြစ်သည့်အပြင် ကိုယ့်ကျွန်းစဉ်သားလည်းဖြစ်သလို ရွာနီးချုပ်စပ်လည်းဖြစ်သည်။ မပြေးသော်လည်း ကန်ရာရှိဆိုသလို အကြောင်းကြောင်းကို ထောက်ပြီး ကိုယ့်လက်အောက်ကိုယ့်နယ်သား ဆယ်တန်းအောင်လေးတစ်ယောက်ကို အလုပ်လေးတစ်ခုတော့ ပေးအပ်နိုင်လိမ့်မည်ဟု စိုးရိမ်ခြင်းတစ်ဝက်၊ ယုံကြည်ခြင်းတစ်ဝက်နှင့် မဝံ့မရဲဖြစ်နေခဲ့သည်မှာတော့ အမှန်ပင်ဖြစ်သည်။

ကျွန်တော် လာလမ်းအတိုင်း ပြန်လှည့်လာခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းအရောက်တွင် လက်ယာဘက်သို့ လှည့်ပြီး လျှောက်လိုက်သည်။ ၁၀ မိနစ်ခန့်လျှောက်လိုက်လျှင်ပင် လမ်းလက်ယာဘက်ခြမ်း ခြံဝင်းကျယ်ကြီးတစ်ဝင်းထဲက ရှေးဟောင်းပုံစံ သစ်သားအိမ်ကြီးတစ်ဆောင်ထဲ ကျွန်တော် လှမ်းဝင်လိုက်သည်။ အိမ်ရှေ့လှေကားအနီးမှာပဲ ကျွန်တော် မတ်တတ်ရပ်နေလိုက်သည်။ ဆရာကြီးကတော်ကပင် "ဘာကိစ္စလဲ"ဟု လာမေးသည်။ ကျွန်တော်က " ဆရာကြီးနဲ့ တွေ့ချင်လို့ပါ"ဟု ပြောလိုက်သည်။ ရင်ထဲမှာတော့ စိုးရိမ်စိတ်နှင့်ရင်ခုန်နေမိသည်။ ဆရာကြီးကတော်သည် ဆရာကြီးကို အိပ်ရာသို့သွားပြီး ပြောလိုက်ဟန်ရှိသည်။ မြို့နယ်ပါတီယူနစ်ကော်မတီတုန်းကလိုပဲ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌကြီးလည်း အိပ်မှုန်စုံမွှားထွက်လာပြီး ကျွန်တော့်ကို စူးစမ်းမျက်လုံးနှင့် တစ်ချက်လှမ်းကြည့်သည်။ ဤဆရာကြီးလည်း မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌကြီးလိုပဲ ကျွန်တော့်ကို အိမ်ပေါ်သို့တက်ဖို့တော့ မခေါ်ပါ။

"ဘာကိစ္စလဲ၊ ဘယ်ကလဲ"

ဆရာကြီးကတော့ မြို့နယ်ပါတီယူနစ်ကော်မတီဥက္ကဋ္ဌကြီးထက် ကျွန်တော့်ကို အရေးစိုက်ပုံရသည်။ မေးခွန်းနှစ်ခုကို တစ်ပြိုင်တည်း မေးလိုက်လေသည်။

"ဟုတ်ကဲ့ပါ ကျွန်တော် သရက်တောင်ရွာကပါ၊ ကျွန်တော့်နာမည် ဘညွန့်ပါ"

ဥက္ကဋ္ဌကြီးကတော့ ကျွန်တော့်ကို ကြည့်မြဲကြည့်သည်။

"ဒီလိုပါ ဆရာကြီး၊ ကျွန်တော် မနှစ်ကတည်းကပဲ ဆယ်တန်းအောင်ထားပါတယ်။ ကျောင်းဆရာခန့်မယ့် အင်တာဗျူးလည်း အောင်ထားပါတယ်။ အဲဒါ မြို့နယ်ပညာရေးမှူးရုံးက ကျွန်တော့်မှာ အသက် ၂၅ နှစ်ထက်ကျော်နေတာမို့ အလုပ်မခန့်နိုင်ကြောင်း ပြောပါတယ်"

ဆရာကြီးကတော့ ကျွန်တော့်ကိုကြည့်လိုက်၊ ဟိုဟိုသည်သည်ကြည့်လိုက်နဲ့ ဂနာမငြိမ်သလိုမျိုးဖြစ်နေသည်။ ကျွန်တော်မြင်ရတာကတော့ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌကြီးသည် ကျွန်တော့်ကို ပြန်ထွက်သွားစေချင်ပုံရသည့်မျက်နှာထားမျိုးကို တွေ့နေရသည်။ ကျွန်တော်ကလည်း လာလက်စနှင့် မထူးတော့ပြီဟုခံယူပြီး ဆက်ပြောဖြစ်လိုက်ပါသည်။

"အဲဒါ ဆရာကြီးရေ ကျွန်တော် ဒီနှစ်လည်း ဆယ်တန်းကို(ခ)အဆင့်နဲ့ ထပ်အောင်ထားပါတယ်"

ဥက္ကဋ္ဌကြီးသည် သူနှင့်ဘာမှမဆိုင်သလိုအမူအရာမျိုးနှင့် ကျွန်တော့်ကို ကြည့်သလိုတစ်ချက်ပြုပြီး အိမ်ရှေ့လမ်းသို့ လှမ်းကြည့်နေပြန်သည်။

"ဆရာကြီးရယ် ဆရာကြီးအနေနဲ့ ကျွန်တော့်ကို သင့်တော်တဲ့ ဌာနဆိုင်ရာ အလုပ်လေးတစ်ခုခုတော့ စီစဉ်ပေးစေချင်ပါတယ် ဆရာကြီးရယ်"

မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌဆရာကြီးသည် အပြင်သို့ ခပ်ကြာကြာစိုက်ကြည့်ပြီး ကျွန်တော့်ကို အကြံဉာဏ်ကောင်းတစ်ခွန်းတော့ ပြောပေးလိုက်ပါသည်။ "ပါတီယူနစ်ဥက္ကဋ္ဌဆီ သွားလိုက်ပါလား" တဲ့။ ကျွန်တော် အချိန်ကုန်ခံ၊ စရိတ်ကုန်ခံပြီး စွန့်စားထွက်ခဲ့ခြင်း၏ အဖြေကတော့ "မစဉ်းစားနဲ့ ပြန်ပေတော့"ဟူ၍ပင် ဖြစ်ပါတော့သည်တကား။

မြို့နယ်ပါတီယူနစ်ကော်မတီဥက္ကဋ္ဌရော မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌပါ သူတို့နှစ်ဦး ကျွန်တော့်အပေါ်ဆက်ဆံပြောဆိုကြသော စကားများမှာ အမှန်တရားတွေချည်းပဲဖြစ်ပါသည်။ ဌာနဆိုင်ရာက သတ်မှတ်အသက်ထက်ကျော်လွန်နေ၍ အလုပ်မခန့်နိုင်ခြင်းကို ပါတီဥက္ကဋ္ဌရော ကောင်စီဥက္ကဋ္ဌကပါ အာဏာပါဝါကိုအကြောင်းပြုပြီး အလုပ်မခန့်ပေးခြင်းမှာ လွန်စွာမှန်ကန်သောဝါဒနှင့် ဆုံးဖြတ်ချက်ပင်ဖြစ်ပေသည်။ ဌာနဆိုင်ရာအပေါ် လေးစားရာရောက်ပေသည်ဆိုခြင်းကို ကျွန်တော်နောင်မှသိခဲ့ရသည်။ မြို့နယ်၏အခေါင်အချုပ် လူကြီးမင်းများဘက်မှ တစ်စုံတစ်ရာမစဉ်းစားဘဲ ကိုယ်ဖြစ်ချင်သည့်ဆန္ဒတစ်ခုကို အကြောင်းပြုပြီး သွားရောက်တောင်းဆိုခြင်းမှာ ကျွန်တော် မိုက်မဲရာကျပါသဖြင့် ကျွန်တော့်အလွန်ပဲဖြစ်ပါသည်။ ကျွန်တော် လွန်စွာမိုက်မဲခဲ့ပါသည်။ နောက်ပြီး ကျွန်တော့်အနေဖြင့် ကိုယ်ဖြစ်ချင်သည့်ဆန္ဒတစ်ခုကို ရှေ့တန်းတင်ပြီး မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌကြီးနှင့် ဖွတ်ဆွေမျိုးစပ်နေခြင်းမှာလည်း တွေးမိလျှင် ရှက်စရာသာဖြစ်ပါသည်။ ကျွန်တော်က သူ့ကိုအရမ်းသိနေသော်လည်း သူကား ကျွန်တော့်လို စိတ်ဝင်စားစရာမရှိသောရုပ်ရည်မျိုးကို သာမန်တောသားလေးတစ်ယောက်ထက်အပြင် မည်သို့မျှသိပုံမရပေ။

ကျွန်တော်သည် မည်သည့်နေရာ၊ မည်သူများဆီသို့မှ သွားလိုစိတ်မရှိတော့ဘဲ မိမိတည်းခိုနေသော မိသားစုထမင်းဆိုင်သို့ ပြန်လာပြီး အိမ်ရှေ့ခန်းဘုရားစင်အောက် ဖျာပေါ်မှာပဲ လှဲအိပ်ပစ်လိုက်တော့သည်။ တစ်ညလုံး အိပ်ရေးပျက်နေသည့်အပြင် စိတ်အနှမ်းကြောင့် သိပ်တောင်မကြာလိုက် အိပ်ပျော်သွားခဲ့လေသည်။ ကျွန်တော် ညနေ ၄ နာရီလောက်တွင်မှ အိပ်ရာကနိုးလာသည်။ ကျွန်တော် ထမင်း၊ ဟင်းမှာပြီး မနက်စာရော ညနေစာပါပေါင်းပြီး တစ်နပ်တည်းစားပစ်လိုက်သည်။ ကျွန်တော်သည် ထမင်းစားပြီးချိန်တွင် မိမိအိတ်လေးကိုလွယ်ပြီး ညနေပိုင်းတွင် ကမ်းထောင်းကြီးသို့ ပြန်ထွက်မည့်စက်လှေပေါ်သို့ ဆင်းနေလိုက်တော့သည်။

■ ■ ■ ■ ■ ■ ■

**ဘဝဝမ်းစာ ရှာရသည်မှာ**

ဒီနှစ်နွေကျောင်းပိတ်ရက်မှာတော့ ယခင်နှစ်များနှင့်မတူသော ကူးသန်းရောင်းဝယ်မှုတစ်ခုကို ကျွန်တော် လုပ်နိုင်ခဲ့ပြန်လေပြီ။ ကျွန်တော့်မှာ ကုန်ကူးသည်ဟုဆိုသော်လည်း အရင်းအနှီးလည်း ဟုတ်တိပတ်တိမရင်းနိုင်သဖြင့် အမြတ်အစွန်းဟူ၍ ရလဒ်များများစားစား မရှိပေ။ သို့သော် လှုပ်ရှားနေသောကြွက်ငယ်သည် အိပ်ပျော်နေသော ခြသေ့်ကြီးထက် အရာရောက်သည်ဟု ဆိုသောစကားအတိုင်း ဘဝအတွက် အလေ့အကျင့်ဖြစ်အောင် လှုပ်ရှားရုန်းကန်နေခြင်းပင်ဖြစ်ပေသည်။ အဖေသည် ကုန်သွယ်လုပ်ငန်းလုပ်ကိုင်ပြီး ရုန်းကန်နေခဲ့သူဖြစ်၍ အဖေ့သွေးကြောင့် ကျွန်တော်သည်လည်း ကုန်သွယ်ခရီးသွားခြင်းကို စိတ်ဝင်စားသည်ဟုဆိုပါက မမှားနိုင်ပေ။

နွေရာသီပင်ဖြစ်သော်လည်း ဒီနေ့ညနေသည် မြောက်လေတိုးနေ၍ အေးသလိုလိုရှိနေသည်။ ညဦးလမိုက်သမယမို့ ပိန်းပိတ်အောင်မှောင်လာ၏။ ကူးတို့သည် လှော်တက်တစ်ချက် လှော်ယက်လိုက်တိုင်း ချောင်းရေပြင်ထဲတွင် ရေပိုးစုန်းများ အဖွေးသား လင်းလက်သွားကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သောကြောင့် မီးဘေးအန္တရာယ်တွေ့ကြုံလာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

**အိမ်မဲ အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ပါရမီဒေါင့်ကျေးရွာရှိ စက်သုံးဆီအရောင်းဆိုင်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မီးဘေးအန္တရာယ်တွေ့ကြုံလာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို အောက်တိုဘာလ ၂၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မျိုးဝင်းက မီးသတ်ဆေးဘူးအသုံးပြုပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆီမီးငြိမ်းသတ်နည်းနှင့် Foam ဆေးအသုံးပြု၍ မီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြဆောင်ရွက်ခဲ့သည်။

"လက်ရှိပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်တာကြောင့် မီးသတ်ဦးစီးဌာနအနေနဲ့ မြို့နယ်အတွင်းမှာ မီးဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး အသိပညာပေးတာ၊ စစ်ဆေးတာတွေ ဆောင်ရွက်နေပါတယ်။ မီးဘေးအန္တရာယ်တွေ့ကြုံလာရင်လည်း တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ စက်သုံးဆီအရောင်းဆိုင်မှာ ကြိုတင်ကာကွယ်ရေးပစ္စည်းတွေကိုစစ်ဆေးတာ၊ အကြံပြုတာ၊ Foam ဆေးရည်နဲ့ သရုပ်ပြတာ၊ မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုတာတွေကို သရုပ်ပြဆောင်ရွက်တာဖြစ်ပါတယ်"ဟု မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မျိုးဝင်းကပြောသည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦး၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲ)



## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ ဦးအာကာလင်း “ပန်းဟောဝန်”(ယိုးဒယား) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၀-၁၅)(အမျိုးသား) အကပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်မှ မောင်စောအာကာပိုင်စိုး စည်းဝါးနရီ ပိုင်ပိုင်နိုင်နိုင်ကပြယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား)ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်မှ ဦးဘုန်းစည်သူ(ခ) ရွှေလက်ပိုင်သူ “လေပြေဆော်သွင်းမြူး” (ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




မဟာဂီတအဆင့်မြင့်ပညာ (အမျိုးသား)အဆင့် အဆိုပြိုင်ပွဲတွင် ပထမဆုရ ရခိုင်ပြည်နယ်မှ မောင်မြတ်မင်းခေါင် “သီလာဝေယံ” (ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ (အမျိုးသား) ဒိုးပတ်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဟိန်းမေတ္တာနှင့်အဖွဲ့ မြူးကြွမြိုင်ဆိုင်စွာတီးခတ်ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ (အမျိုးသား) အဆင့် တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ကယားပြည်နယ်မှ မောင်စိုးသူ“မှန်ရဝေ”(ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြီးမှ
# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား) ဒိုးပတ်အတီးပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ ဦးဇော်မင်း(ခ)ဖိုးလပြည့်နှင့်အဖွဲ့ မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်စဉ်။




မဟာဂီတ ဝါသနာရှင်ပထမတန်းအဆင့် (အမျိုးသမီး) အဆိုပြိုင်ပွဲတွင်ပထမဆုရတနင်္သာရီတိုင်းဒေသကြီးမှဒေါ်ကြူကြူနိုင် "စိန်မြရံခြယ်" (မွန်)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅) (အမျိုးသမီး)တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ကယားပြည်နယ်မှ မအင်နိုးဆင့်စုစု "ရွှေပြည်ကြီးရော" (ကြိုး)သီချင်းဖြင့်ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်ပထမတန်းအဆင့် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခိုင်ဇာဝင်းဗိုလ် "ခိုင်ပန်းစုံ" (ထပ်တွန့်ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်ဒုတိယတန်းအဆင့် (အမျိုးသား)ပလွေပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးပြည့်စုံ "ယမုန်နာ" (ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ကာလပေါ်/ခေတ်ဟောင်းတေး အခြေခံပညာ(၁၅-၂၀)(အမျိုးသမီး)အဆင့် အဆိုပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မမိုးမြင့်စံ "ချစ်စရာ့ ရွှေတမာ" သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ စစ်ရေးပြကွင်း၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ အရာထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က ယခုသင်တန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ အမျိုးသားရေးအမြင်နှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရေးအတွက်လေ့ကျင့်ပျိုးထောင်ပေးရန် အုပ်ချုပ်မှုနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်များကို အခြေခံအားဖြင့် နားလည်သဘောပေါက်စေပြီး စည်းကမ်းနှင့်ကိုယ်ကျင့်သိက္ခာကို စောင့်သိထိန်းသိမ်းတတ်သောဝန်ထမ်းကောင်းများဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၇၀ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ်လ ၁၉ ရက်မှ အောက်တိုဘာလ ၃၀ ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

(၅၀၀)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်တွင်းစာရင်းစစ်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မေခိုင်ဝင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း(ICM) အစီအစဉ်စတင်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်း(Integrated Coastal Management–ICM) အစီအစဉ်စတင်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများပေါကြွယ်ဝပြီး နိုင်ငံ့စားရေရိက္ခာဖူလုံရေးနှင့်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အဓိကအခန်းကဏ္ဍမှ ပံ့ပိုးပေးလျက်ရှိကြောင်း၊ မြန်မာ့ပင်လယ်ကမ်းရိုးတန်းအုပ်ချုပ်လုပ်ကိုင်မှုစနစ်တစ်ရပ်ဖွံ့ဖြိုးရေး နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီများကိုဖွဲ့စည်းပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာ့ ICM အစီအစဉ်ကို ၁၅ နှစ်အကောင်အထည်ဖော်ရန် ရည်မှန်းထားပြီး ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီဝင်ဌာနများသည် မိမိတို့ဌာနအလိုက် ချမှတ်ထားသောမဟာဗျူဟာများ၊ မူဝါဒများနှင့်အညီ ငါးနှစ်ကာလ အပိုင်းအခြားအလိုက် စီမံချက်များရေးဆွဲပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN) မှ မစ္စတာ ဂျိတ်ဘရူနာက နှုတ်ခွန်းဆက်စကားပြောကြားပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်နှင့် သစ်တောဦးစီးဌာနမှဆောင်ရွက်မည့် ပထမငါးနှစ်ကာလစီမံချက်တို့ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများကပိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

အခမ်းအနားသို့ ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များ ဆက်လက်ကျင်းပ

**မန္တလေး အောက်တိုဘာ ၃၀**



မန္တလေးတိုင်းဒေသကြီး ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၈) ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ ဘက်စုံသုံးအားကစားရုံတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီတွင် KH အသင်းနှင့် 135 Family အသင်းတို့ကစားခဲ့ရာ 135 Family အသင်းက ၈ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် TG United အသင်းနှင့် BTB အသင်းတို့ကစားခဲ့ရာTG United အသင်းက ၁၁ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် MNN အသင်းနှင့် AKS အသင်းတို့ကစားခဲ့ရာ AKS အသင်းက ၉ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Arr Manအသင်းနှင့် Black Wolvesအသင်းတို့ကစားခဲ့ရာArr Man အသင်းက ၆ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် Mogyo အသင်းနှင့် Pyae Sone အသင်းတို့ကစားခဲ့ရာ Pyae Sone အသင်းက ၆ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း၊ သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲအသီးသီးရရှိ

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲပွဲစဉ်(၂၀)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်း၊ သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲအသီးသီးရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀) အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ မြဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ဇင်မိုးပြည့်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ရွှေရည်ထွန်း၊ ဟေမာန်စိုး၊ လင်းမြင့်မိုရ်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို အေးမြတ်ခိုင်က သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲတွင် YUSC အားကစားကွင်း၌ ရေဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



**စည်သူအောင်**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နာနတ်သီးနှင့်ကျန်းမာရေးကောင်းကျိုးများအကြောင်း



နာနတ်သီးရဲ့ ချိုချဉ်အရသာကို လူအများစုက ကြိုက်နှစ်သက်ကြပါတယ်။ အရောင်အဆင်းကလည်း ဝင်းဝင်းဝါဝါနဲ့ဆွဲဆောင်မှုရှိပြီး စားချင်စဖွယ်ကောင်းပါတယ်။ ဒါ့ပြင် ရာသီပေါ်သီးနှံလည်းဖြစ်တာကြောင့် နာနတ်သီးပေါ်ချိန်မှာတော့ မြန်မာလူမျိုးတွေ နှစ်နှစ်ခြိုက်ခြိုက် စားသုံးကြပါတယ်။ နာနတ်သီးက အရောင်အဆင်း၊ အနံ့အရသာနဲ့ ပြည့်စုံတဲ့အပြင် ကောင်းကျိုးတွေလည်း များစွာရှိပါတယ်။

နာနတ်သီးက ဓာတ်တိုးပစ္စည်းတွေရဲ့ ဆိုးကျိုးကို တားဆီးပေးတယ်။ နာနတ်သီးမှာ အင်တီအောက်စီးဒင့်ကြွယ်ဝလို့ ခန္ဓာကိုယ်တွင်းက ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေကို တိုက်ထုတ်ပေးပြီး ဆဲလ်တွေပျက်စီးမှုကနေ ကာကွယ်ပေးပါတယ်။ အင်တီအောက်စီးဒင့်က သွေးကြောနံရံမှာ အဆီဖတ်ကပ်ငြိနေတာ၊ နှလုံးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါနဲ့ ကင်ဆာရောဂါတချို့ကိုမဖြစ်ပွားအောင် ကာကွယ်ပေးနိုင်ပါတယ်။

သွေးဖိအားပုံမှန်ဖြစ်စေပါတယ်။ သွေးတိုးရောဂါရှိသူတွေအနေနဲ့ သွေးဖိအားမြင့်မားမှုကနေ ကာကွယ်နိုင်အောင် နာနတ်သီးကိုပုံမှန်စားသုံးပေးသင့်ပါတယ်။ နာနတ်သီးထဲမှာ ပိုတက်ဆီယမ်များစွာပါဝင်ပြီး ဆိုဒီယမ်ပါဝင်မှုနည်းတာကြောင့် သွေးဖိအားကိုပုံမှန်ဖြစ်အောင် ထိန်းပေးနိုင်ပါတယ်။

နာနတ်သီးက အအေးမမိအောင် ကာကွယ်ပေးပါတယ်။ နာနတ်သီးက ဗီတာမင်စီကြွယ်ဝတာကြောင့် ပိုးမွှားတွေကူးစက်မှုကနေ တိုက်ထုတ်နိုင်စွမ်းရှိတယ်။ ဆရာဝန်ညွှန်ကြားတဲ့ ဆေးဝါးတွေကို သောက်သုံးနေစဉ်မှာ နာနတ်သီးကိုစားပေးရင် အအေးမိဝေဒနာတွေသက်သာစေပြီး တုပ်ကွေးဖြစ်ပြီးနောက် ချောင်းဆိုးတာမကျန်အောင် ကူညီပေးပါတယ်။

အစာချေဖျက်မှု ကောင်းမွန်စေတယ်။ နာနတ်သီးမှာ ဘရိုမီလင်အင်ဇိုင်း၊ ဗီတာမင်စီနဲ့ အမျှင်ဓာတ်တွေ ကြွယ်ဝစွာပါဝင်တာကြောင့် အစာချေဖျက်မှုကို ကောင်းမွန်စေပါတယ်။ အူလမ်းကြောင်းမှာရှိတဲ့ သန်ကောင်၊ တုတ်ကောင်တွေ ဖယ်ရှားပေးတယ်။ နာနတ်သီးထဲမှာ အစာခြေအင်ဇိုင်းဖြစ်တဲ့ ဘရိုမီလင်ပါဝင်တယ်။ နာနတ်သီးကို ပုံမှန်စားပေးခြင်းဖြင့် အူလမ်းကြောင်းထဲမှာရှိတဲ့ သန်ကောင်၊ တုတ်ကောင်တွေကို ဖယ်ရှားနိုင်တယ်။ အရိုးတွေကို သန်မာစေတယ်။ နာနတ်သီးမှာ မဂ္ဂနီစီယမ်ကြွယ်ဝစွာပါဝင်လို့ အရိုးနဲ့တွယ်ဆက်တစ်သျှူးတွေကို သန်မာစေပါတယ်။ နာနတ်သီးဖျော်ရည်တစ်ခွက်ကနေ တစ်နေ့တာလိုအပ်တဲ့ မဂ္ဂနီစီယမ်ပမာဏရဲ့ ၇၃ ရာခိုင်နှုန်းခန့်ရရှိနိုင်တယ်။ ပျို့အန်တာ သက်သာစေတယ်။ နာနတ်သီးဖျော်ရည်ကို ကိုယ်ဝန်ဆောင်ချိန်မှာဖြစ်တတ်တဲ့ ပျို့အန်ချင်တာနဲ့ ခရီးသွားလို့ မူးမော်ပြီး ပျို့အန်ချင်တာတွေအတွက် သောက်သုံးနိုင်ပါတယ်။

သွားဖုံးတွေ ကျန်းမာစေပါတယ်။ နာနတ်သီးက သွားဖုံးတွေကို ကျန်းမာစေပြီး သွားဖုံးရောဂါတွေဖြစ်ပွားမှုကနေ ကာကွယ်ပေးပါတယ်။ သွားဖုံးတွေကျန်းမာတာကြောင့် သွားတွေပျက်စီးဆုံးရှုံးမှုဖြစ်နိုင်ခြေနည်းစေတယ်။

ဝက်ခြံတွေကို ကုသနိုင်ပါတယ်။ ဝက်ခြံကုသဖို့ နာနတ်သီးကိုစားသုံးတာဖြစ်စေ၊ အရေပြားပေါ်တိုက်ရိုက်လိမ်းတာဖြစ်စေပြုလုပ်နိုင်ပါတယ်။ နာနတ်သီးမှာပါဝင်တဲ့ ဘရိုမီလင်အင်ဇိုင်းက ရောင်ရမ်းမှုတွေကိုလျော့နည်းစေပြီး ဗီတာမင်စီက အနာကျက်မြန်စေပါတယ်။

မျက်စိမြင်လွှာပျက်စီးမှုကနေ ကာကွယ်ပေးတယ်။ မျက်စိမြင်လွှာပျက်စီးတာကြောင့် အမြင်အာရုံဆုံးရှုံးမှုမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။ နာနတ်သီးထဲမှာ ဘီတာကယ်ရိုတင်းပါဝင်လို့ အမြင်အာရုံကောင်းမွန်စေတဲ့အပြင် မျက်စိကျန်းမာရေးကို ပိုမိုကောင်းမွန်စေပါတယ်။

နာနတ်သီးက အရေပြားကိုတင်းရင်းစေတဲ့ ကော်လာဂျင်ထုတ်လုပ်မှုအားကောင်းပါတယ်။ ကော်လာဂျင်ထုတ်လုပ်မှုကောင်းတာကြောင့် အရေပြားကျုံ့ဆန့်နိုင်စွမ်းကိုကောင်းမွန်စေတယ်။ အမိုင်နိုအက်စစ်နဲ့ ဗီတာမင်တွေပါဝင်လို့ အရေပြားကို အားဖြည့်ပေးပါတယ်။ ဆဲလ်သေတွေကို ဖယ်ရှားပေးပြီး ဆဲလ်အသစ်ဖြစ်ပေါ်မှုကို အားပေးတယ်။ နာနတ်သီးကိုစိတ်ပြီး အရည်ညှစ်ပြီးရလာတဲ့အရည်ကို မျက်ကွင်းတစ်ဝိုက်ရှောင်၍ မျက်နှာပေါ်လိမ်းပေးပါ။ ၁၀ မိနစ်ထားပြီးမှ ရေကြက်သီးနွေးနဲ့ သန့်စင်အောင်ဆေးကြောသင့်ပါတယ်။

နာနတ်သီးမှာ ရောင်ရမ်းမှုတွေလျော့နည်းစေတဲ့ အာနိသင်ရှိလို့ အရိုးအဆစ်တွေ ရောင်ရမ်းနာကျင်မှုမဖြစ်အောင် တားဆီးပေးပါတယ်။

လတ်ဆတ်တဲ့နာနတ်သီးကို အရည်ညှစ်ယူပြီး အရေပြားပေါ်မှာ ညင်သာစွာပွတ်ပေးသင့်တယ်။ ဆဲလ်သေတွေကို ဖယ်ရှားပေးပြီး သွေးစီးဆင်းမှုကို ကောင်းမွန်စေလို့ အရေပြားနုပျိုလှပစေပါတယ်။

နှာခေါင်းတွင်း လေအိတ်ရောင်ရမ်းတာ၊ လည်ချောင်းနာတာ၊ ဂေါက်ရောဂါမဖြစ်အောင် တားဆီးပေးပါတယ်။

နာနတ်သီးမှာပါဝင်တဲ့ ဘရိုမီလင်အင်ဇိုင်းက နှာခေါင်းတွင်း လေအိတ်ရောင်ရမ်းတာမဖြစ်အောင် ကာကွယ်ပေးတဲ့အပြင် လည်ချောင်းနာတာ၊ ဂေါက်ရောဂါနဲ့ တခြားရောင်ရမ်းမှုတွေမဖြစ်အောင်လည်း တားဆီးပေးပါတယ်။

ခြေဖဝါးကွဲအက်တာတွေကို ပျောက်ကင်းစေတယ်။ နာနတ်သီးကို သဘာဝကြေးချွတ်သန့်စင်မှု ပြုလုပ်ဖို့အတွက် အသုံးပြုနိုင်တယ်။ နာနတ်သီးက အရေပြားကွဲအက်ပြီး ကွာကျတာတွေကို ဖယ်ရှားပေးပြီး အသားအရေကို နူးညံ့ချောမွေ့လှပစေပါတယ်။ ရောင်ရမ်းမှုတွေကိုလျော့နည်းစေပြီး ခြေဖဝါးကွဲအက်တာကိုသက်သာစေပါတယ်။

ကင်ဆာရောဂါမဖြစ်အောင် ကာကွယ်ပေးပါတယ်။ နာနတ်သီးထဲမှာ အင်တီအောက်စီးဒင့်တွေပါဝင်တာကြောင့် ဓာတ်တိုးပစ္စည်းတွေကို ဆန့်ကျင်တိုက်ထုတ်ပေးပါတယ်။ ဆဲလ်တွေပျက်စီးမှုကနေ ကာကွယ်ပေးတဲ့အပြင် ကင်ဆာရောဂါဖြစ်ပွားမှုကနေ ကာကွယ်ပေးပါတယ်။

လက်သည်း၊ ခြေသည်းတွေကို နူးညံ့လှပပြီး သန်မာစေပါတယ်။ ခန္ဓာကိုယ်မှာ ဗီတာမင်အေချို့တဲ့လာရင် လက်သည်း၊ ခြေသည်းတွေခြောက်ပြီး ကွဲအက်နိုင်ပါတယ်။ ဗီတာမင်ဘီချို့တဲ့ရင်လည်း လက်သည်း၊ ခြေသည်းတွေခြောက်သွေ့ပြီး ကွဲအက်စေပါတယ်။ နာနတ်သီးစားသုံးတာအပြင် လက်သည်း၊ ခြေသည်းတွေပေါ်လိမ်းပေးတာကလည်း ပိုးဝင်တာကို ဖယ်ရှားနိုင်ပြီး လက်သည်း၊ ခြေသည်းတွေကို ပိုမိုသန်မာစေပါတယ်။

နာနတ်သီးကိုနေ့စဉ်စားသုံးရင် သွေးကြောနံရံမှာ အဆီဖတ်တွေကပ်ငြိမှုကနေ ကာကွယ်ပေးပါတယ်။ ဓာတ်တိုးပစ္စည်းတွေက သွေးကြောနံရံမှာ အဆီဖတ်တွေကပ်ငြိမှုကိုအားပေးပါတယ်။

နာနတ်သီးမှာပါဝင်တဲ့ အင်တီအောက်စီးဒင့်တွေက ဓာတ်တိုးပစ္စည်းတွေနဲ့သွေးတွင်းမကောင်းတဲ့ ကိုလက်စထရောအဆီတွေကို ဖယ်ရှားပေးလို့ နှလုံးရောဂါမဖြစ်ပွားအောင် ကာကွယ်ပေးတယ်။

ခုခံစွမ်းအားမြင့်မားစေပါတယ်။ နာနတ်သီးထဲမှာ အင်တီအောက်စီးဒင့်ဖြစ်တဲ့ ဗီတာမင်စီပါဝင်လို့ ခုခံစွမ်းအားမြင့်မားစေပါတယ်။

အရေပြားကို ရေဓာတ်ဖြည့်ပေးပါတယ်။ ခြောက်သွေ့နေတဲ့ အရေပြားက ဆွဲဆောင်မှုမရှိဘဲ မွဲခြောက်ခြောက်နဲ့ ကြည့်ရဆိုးပါတယ်။ နာနတ်သီးကို အရေပြားရေဓာတ်ပြည့်ဝစေဖို့အတွက် အသုံးပြုနိုင်ပါတယ်။ နာနတ်သီးကိုအခွံနွှာ၊ ထမင်းစားဇွန်းသုံးဇွန်းစာ ကြိတ်ခြေပြီး ကြက်ဥတစ်လုံးနဲ့ နို့အနည်းငယ်ရောထည့်ကာ ခြောက်သွေ့တဲ့အရေပြားပေါ် လိမ်းပေးနိုင်တယ်။ အချိန်အနည်းငယ်ထားပြီးနောက် ရေကြက်သီးနွေးနဲ့သန့်စင်ပေးနိုင်တယ်။

နှုတ်ခမ်းခြောက်တာ သက်သာစေတယ်။ နာနတ်သီးကို အရည်ညှစ်ပြီး အုန်းဆီအနည်းငယ်ရောပြီး လိမ်းရင် နှုတ်ခမ်းခြောက်တာသက်သာစေပါတယ်။ နှုတ်ခမ်းကို ရေဓာတ်နဲ့ အာဟာရဓာတ်တွေ ဖြည့်ပေးတာကြောင့် နှုတ်ခမ်းခြောက်တာသက်သာပြီး နှုတ်ခမ်းသားကိုနူးညံ့စေတယ်။

အဆုတ်လေပြွန်ရောင်ရမ်းမှုသက်သာစေတယ်။ နာနတ်သီးမှာ ရောင်ရမ်းမှုကို လျော့နည်းစေတဲ့ အာနိသင်ရှိလို့ အဆုတ်လေပြွန်တွေရဲ့ရောင်ရမ်းမှုကို လျော့နည်းစေပါတယ်။

ဆံပင်ထူစေတယ်။ နာနတ်သီးကို အရည်ညှစ်ပြီး ဦးရေပြားပေါ်လိမ်းပေးပါ။ ၁၅ မိနစ်ထားပြီး ရေနဲ့သန့်စင်ပြီး လျှော်နေကျ ခေါင်းလျှော်ရည်နဲ့လျှော်ပေးပါ။ နာနတ်သီးထဲမှာပါတဲ့ အင်ဇိုင်းက ဦးရေပြားကို အားဖြည့်ပေးလို့ ဆံပင်သန်၊ ဆံပင်ပေါက်တာကို အားပေးပါတယ်။

နာနတ်သီးထဲမှာပါဝင်တဲ့ ဗီတာမင်စီက ဆံပင်ကျွတ်တာ၊ ဆံပင်ကျဲတာ၊ ဆံပင်အဖျားနှစ်ခွဖြစ်တာ ကာကွယ်ပေးပြီး ဆံပင်ထူစေပါတယ်။ နာနတ်သီးထဲမှာပါဝင်တဲ့ ဗီတာမင်စီ၊ ဘရိုမီလင်အင်ဇိုင်းတို့က ဓာတ်တိုးဆန့်ကျင်အာနိသင်နဲ့ ရောင်ရမ်းမှုကိုလျော့နည်းစေတဲ့ အာနိသင်ရှိပါတယ်။ ဒါ့ပြင် ဦးရေပြားပိုးဝင်ရောက်မှုကို တားဆီးပေးလို့ ဆံပင်ကျွတ်တာ၊ ဆံပင်ကျဲတာ၊ ဆံပင်အဖျားနှစ်ခွဖြစ်တာ ကာကွယ်ပေးပြီး ဆံပင်ထူစေပါတယ်။ ။

**ဒေါက်တာလွင်သန့်**

# အင်းစိန်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ



ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ် အမှတ် (၄)အခြေခံပညာ အလယ်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာလ ၃၀ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အမှာစကားပြောကြားပြီး စာရေးဆရာ ဦးဘိုကြည်က လူငယ်ရေးရာ အသိပညာပေးဟောပြောကာ သုတ၊ ရသစာအုပ်စာစောင်များ လှူဒါန်းရာ အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း တာဝန်ခံဆရာမ ဒေါ်ထားထားရီက လက်ခံရယူသည်။

ထို့နောက် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း တာဝန်ခံဆရာမ ဒေါ်ထားထားရီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ အပြီးတွင် ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲတို့ကို ကျောင်းသား၊ ကျောင်းသူများနှင့် တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

**ဓွဲထက်ကို(ပြန်/ဆက်)**

# ကျွန်းလှမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေးလှုပ်ရှားမှုများဆောင်ရွက်



**ကျွန်းလှ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေး လှုပ်ရှားမှုကို အောက်တိုဘာလ ၃၀ ရက်တွင် ပျဉ်းမဖြိုင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဆောင်ရွက်သည်။

ရှေးဦးစွာ လူငယ်လူရွယ်များ၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ရှိစေရန်၊ အသိပညာဗဟုသုတရရှိစေရန်အတွက် မူလတန်းအဆင့် စကားပုံဆက်ပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ စာဖတ်ဝိုင်းဆွေးနွေးပွဲ၊ သုတ၊ ရသစာအုပ်စာစောင်များ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲတို့ ပြုလုပ်ရခြင်းဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲပြပွဲများကျင်းပနေမှုကို ကျွန်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်နှင့်တာဝန်ရှိသူများ ကြည့်ရှုအားပေးပြီးကျောင်းသား၊ ကျောင်းသူများအားဆုပေးခြင်း၊ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခြင်းတို့ ဆောင်ရွက်ကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

# အရာတော်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံသီးနှံ ဧက ၂၅၄၁၀ စိုက်ပျိုးပြီးစီး

**အရာတော် အောက်တိုဘာ ၃၀**

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်၌ ပဲစင်းငုံသီးနှံ ဧက ၂၅၄၁၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အရာတော်မြို့နယ်၌ ပဲစင်းငုံ ၂၈၈၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ဧက ၂၅၄၁၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် အရာတော်မြို့နယ်မှာ ပဲစင်းငုံသီးနှံဧက ၂၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၂၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်း ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်" ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်စန်းစန်းမြင့်ကပြောသည်။

ယခုနှစ် အရာတော်မြို့နယ်၌ ပဲစင်းငုံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

အရာတော်မြို့နယ်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှုလျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲသည့် နည်းပညာများဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ယူရီးယားနှင့်လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။ (၄၀၉)

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် မွန်းညောင်ပင်သာကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက အောက်တိုဘာလ ၃၀ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျနှင့်တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးပြီး ကွန်ကရစ်လမ်း ရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာသူ၊ ကျေးရွာသားများဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းမှာ အရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ယခုဘဏ္ဍာနှစ်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၃ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာပြည်သူများကိုယ်တိုင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ကျေးရွာရှိအိမ်ခြေ ၁၄၇ အိမ်မှ လူဦးရေ ၄၉၀ ဦးတို့၏ လမ်းပန်းဆက်သွယ်မှုလွယ်ကူစေရေး အကျိုးပြုမည်ဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးထံမှသိရသည်။

ငြိမ်းသူ

## ပြည်သူညီလော့ ခိုင်မြဲစေ

❖ မြန်မာနိုင်ငံ၊ ဘဝဂ်ညံသည့်
အဖျက်သံမကြား အေးပါစေ။
အခက်ရန်များ ဝေးပါစေ။
❖ တိုင်းပြည်ပျက်ရန်၊ အဖျက်ကြံက
လက်ခံမရ ညီတူပေ။
လက်မခံကြ ပြည်သူတွေ။
❖ လေဘေးတွေကြုံ၊ ရေဘေးကြုံချိန်
ဘယ်ပြေးကုန်နေ ဘယ်ရောက်နေ။
ကူညီရကောင်း မသိချေ။
❖ စာပညာတတ်၊ စာမဖတ်သော်
စာတော်ကြလျက် အကျိုးပျက်ပေ။
ရွာရပ်အတွက် မတိုးတက်ချေ။
ကိုယ့်အသိုက်အဝန်း ပြန်ဖျက်နေ။
❖ ပညာတတ်လျက်၊ သိဉာဏ်ပျက်ကြ
အဖျက်ရှားလို့ ကြေပြန့်နှမသွေ။
ဆက်မပွားဖို့ ချေမှုန်းနေ။
❖ သြော်...
ဒီမိုကရေစီ၊ ညီကိုညီမှ
သည်ကအချို၊ ဟိုကအခါး
အမှားအခွဲ၊ အသွားလွဲ၍
တကွဲတပြား၊ ပြုတုံငြားသော်
ဝါးအစည်းလျှော့ မခိုင်မြဲချေ။
အမှားကြီးတော့ ယိုင်လဲပေ။
ပြည်သူညီလော့ ခိုင်မြဲစေ။ ။

ခင်ဖုန်းကြည်(မိုင်းပွန်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၁-၁၀-၂၀၂၄(ကြာသပတေးနေ့)

၁။ ၀၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၀၇:၂၀ မေတ္တာပို့
၃။ ၀၇:၂၅ ဓမ္မပူဇာတေး
၄။ ၀၇:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၀၉:၁၅ ကျန်းမာသုတ
၆။ ၀၉:၂၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၇။ ၁၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈။ ၁၁:၄၅ မြန်မာ့ရှုခင်း
၉။ ၁၈:၄၅ ပြည်သူ့ကြားက ပြည်သူ့စကား
၁၀။ ၁၉:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း မြန်မာ့မော်ကွန်း အပိုင်း(၃)ဇာတ်သိမ်း သရုပ်ဆောင် နေယံ၊ သင်းသင်းယုလှိုင် ဒါရိုက်တာ စင်ရော်မောင်မောင်

### MWD Variety Channel

၁။ ၁၀:၂၂ စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
၂။ ၁၂:၁၇ Variety Choice
၃။ ၁၅:၄၁ သတိမမူ ဂူမမြင်
၄။ ၁၆:၄၁ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့
၅။ ၁၇:၂၅ ကဗျာအလှရသလွင်ပြင်
၆။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ

# မစ္စတာ အာလဆန် ကွန်တဲအား ဂီနီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် မစ္စတာ အာလဆန် ကွန်တဲအား နယူးဒေလီမြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂီနီ သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ဂီနီသမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို သဘောတူသည်။

မစ္စတာ အာလဆန် ကွန်တဲအား ၁၉၆၅ ခုနှစ် ဩဂုတ်လ ၆ ရက်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ယူကရိန်းနိုင်ငံ ကီယက်ဗ်ပြည်နယ်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဖြင့် မဟာဘွဲ့ကိုရရှိခဲ့သည်။

မစ္စတာ အာလဆန် ကွန်တဲ သည် ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အလုပ်သင်အဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ် မေလမှ ၂၀၀၉ ခုနှစ် မေလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန အလုပ်သမားသမဂ္ဂဖျူရိုတွင် အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ် ဩဂုတ်လမှ ၂၀၁၃ ခုနှစ် မတ်လအထိ နိုင်ငံခြားရေးဝန်ကြီးဌာန ဥပဒေနှင့် ကောင်စစ်ရေးရာဦးစီးဌာန သဘောတူစာချုပ်နှင့် ဥပဒေစာချုပ်များရေးရာ ဌာနတွင် ဌာနမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ပြည်ပတာဝန်ထမ်းဆောင်မှုများအဖြစ် ၂၀၁၃ ခုနှစ် မတ်လမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ နယူးယောက်မြို့ ဂီနီအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် စီးပွားရေးနှင့် ဥပဒေသံမှူးအဖြစ်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် ဧပြီလအထိ နယူးယောက်မြို့ ဂီနီအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးတွင် သံမှူးကြီးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ် မေလမှ ယနေ့အထိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂီနီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အာလဆန် ကွန်တဲသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

# ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးအနောက်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးအနောက်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိအခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၁၄၀ ဦးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးသည်။


ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အဆိုပါကျေးရွာရှိ မစိုးရိမ်ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံးကို (၂၁-၁၁-၂၀၂၄)ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို (၁၄-၁၁- ၂၀၂၄) ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၅.၀˚c |
| ရန်ကုန် | ၂၅˚c | / | ၃၄.၀˚c |
| မန္တလေး | ၂၅˚c | / | ၃၆.၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဝန်ကြီးဌာနပိုင်အားကစားကွင်းများတွင် ဆက်လက်ကျင်းပယှဉ်ပြိုင်လျက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများ၊ ကျောင်းသားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(အမျိုးသား) ဖူဆယ်ဘောလုံးပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး (အမျိုးသား) ဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်ကို ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အားကစားလေ့ကျင့်ရေးခန်းမ(၁)၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြာ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနအသင်း(က)က အနိုင်ရ ဗိုလ်စွဲခဲ့သည်။



ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်များက ပထမဆုရရှိသည့်အသင်းနှင့် ဒုတိယဆုရရှိသည့်အသင်းတို့မှ ကစားသမားများကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ပထမဆုရရှိသည့်အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဖလားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဂုဏ်ပြုအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)



★ **ရှေ့ဖုံးမှအဆက်**

ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံများဖြစ်သည်နှင့်အညီ သမိုင်းတစ်လျှောက် နှစ်နိုင်ငံအကြား အပြန်အလှန်ကူညီဆောင်ရွက်ပေးမှု အခြေအနေများ၊ ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းလျက်ရှိမှုနှင့် အပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်နိုင်သည့်အခြေအနေများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H. E. Mr. Heuangseng KHAMDALAVONG အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

# ဘန်ကောက်မြို့၌ကျင်းပသည့် “မြူကင်းစင်သောကောင်းကင်” မဟာဗျူဟာဆိုင်ရာပူးတွဲလုပ်ငန်းစီမံချက် ထုတ်ပြန်ကြေညာခြင်းအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်

ဘန်ကောက် အောက်တိုဘာ ၃၀

“မြူကင်းစင်သောကောင်းကင်” မဟာဗျူဟာဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် ထုတ်ပြန်ကြေညာခြင်းအခမ်းအနား(Launch Ceremony of the Joint Plan of Action–CLEAR Sky Strategy)ကို ယမန်နေ့ မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa က အဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံ သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Mr. Chalermchai Sri-on၊ မြန်မာနိုင်ငံသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် လာအိုနိုင်ငံ သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Dr. Mrs. Bounkham Vorachit တို့က အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ပူးတွဲလုပ်ငန်းစီမံချက်– CLEAR Sky Strategy (၂၀၂၄–၂၀၃၀) သည် ၂၀၂၃ ခုနှစ် ဧပြီလ ၇ ရက်၌ နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးနိုင်ငံညှိနှိုင်းဆွေးနွေးပွဲတွင် လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ နိုင်ငံ့ခေါင်းဆောင်များအကြား ဆွေးနွေးခဲ့သည့် ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက်ရည်ရွယ်ကြောင်း၊ မြန်မာနိုင်ငံတွင် အထူးသဖြင့် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ရှမ်းပြည်နယ်ကဲ့သို့ ဒေသများတွင် နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် ထိရောက်သော မီးဘေးကြိုတင်ကာကွယ်ရေးမဟာဗျူဟာများကို သက်ဆိုင်ရာဌာနများနှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၄ ခုနှစ်တွင် နိုင်ငံတစ်ဝန်း၌ သစ်ပင်ပေါင်း ၂၁ သန်း စိုက်ပျိုးခဲ့ကြောင်း၊ သစ်တောပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် နှစ်စဉ် သစ်တောပြုန်းတီးသည့်ဧရိယာသည် ၂၀၂၀ ပြည့်နှစ်တွင် ဧက ၂၄၀၀၀၀ ခန့်ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၂၀၀၀၀၀ ဧကခန့်သို့ လျော့ကျသွားမည်ဟု ခန့်မှန်းကြောင်း၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းသည် ၂၀၁၀ ပြည့်နှစ်တွင် ၅၆ ဒသမ ၇၃ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၆၀ ဒသမ ၁၇ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၈၂ ဒသမ ၀၃ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း၊ မီးခိုးမြူငွေ့ကင်းစင်သော ဒေသတစ်ခုဖြစ်ပေါ်စေနိုင်ရန် ယခုပူးတွဲလုပ်ငန်းစီမံချက်မှတစ်ဆင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် “မြူကင်းစင်သော ကောင်းကင်” မဟာဗျူဟာဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက်ကို ဝန်ကြီးများက စက်ခလုတ်နှိပ်၍ ထုတ်ပြန်ကြေညာပေးပြီး ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့ပြင် အာဆီယံနိုင်ငံများရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဌာနများ၊ ဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် တက်ရောက်လာသူများက “CLEAR Sky Strategy – Tackling Transboundary Haze in ASEAN” ခေါင်းစဉ်ဖြင့် အိမ်နီးချင်းသုံးနိုင်ငံအကြား နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ပြဿနာကို လက်တွဲပူးပေါင်းဖြေရှင်းရာတွင် တွေ့ကြုံနိုင်မည့် အခက်အခဲများ၊ အောင်မြင်မှုရရှိစေနိုင်မည့် နည်းလမ်းများ၊ လက်တွေ့ကျကျဖော်ဆောင်နိုင်မည့်အခြေအနေများကို ဆွေးနွေးသုံးသပ်အကြံပြုကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ သယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဆွေးနွေးဖက်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များတက်ရောက်ခဲ့ကြကြောင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။ (၅၀၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**❖ ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပြိုင်ပွဲအဖြစ်သာ မရှုမြင်ဘဲ နိုင်ငံတော်အဆင့် အဓိပ္ပာယ်ရှိရှိ အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူဆောင်ရွက်ကြရန်လို . . .**

**❖ မိမိတို့အားလုံး၏ မျိုးချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုလည်းဖြစ် . . .**

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေနိုင်သည့်အတွက် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ခမ်းခမ်းနားနားနှင့် အဓိပ္ပာယ်ရှိရှိကျင်းပရန် ရည်ရွယ်ထားကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာလ(၂၅)ရက်တွင်ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် **"အားကစားတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကိုမြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်များ တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်း"** ထည့်သွင်းမိန့်ကြားခဲ့ကြောင်း၊ ၎င်းမှာ နိုင်ငံနှင့်ပြည်သူလူထုအတွက် အားကစားကဏ္ဍသည် မည်မျှအရေးကြီးသည်ကို လမ်းညွှန်မှာကြားခြင်းပင်ဖြစ်ကြောင်း။

အမျိုးသားအားကစားပွဲတော်များကို ယခုအချိန်ထိ (၄)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပထမအကြိမ်ကို ၁၉၈၂ ခုနှစ်၊ မေလ (၃) ရက်နေ့မှ (၁၆)ရက်နေ့ထိ ရန်ကုန်မြို့တွင် အားကစားနည်း(၂၂)နည်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့မှ ဖေဖော်ဝါရီလ (၆)ရက်နေ့ထိ ရန်ကုန်မြို့တွင် အားကစားနည်း (၂၄)နည်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်နေ့မှ (၂၄) ရက်နေ့ထိ ရန်ကုန်မြို့တွင် အားကစားနည်း (၂၈)နည်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့မှ (၂၈)ရက်နေ့ထိ နေပြည်တော်တွင် အားကစားနည်း (၂၇)နည်းတို့ဖြင့် ကျင်းပခဲ့ကြောင်း။

ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ကျင်းပရန်မှာ အချိန်အားဖြင့် (၁)လကျော်ခန့်သာ ကျန်ရှိတော့သည့်အတွက် ပြိုင်ပွဲကျင်းပနိုင်ရေး ဖွဲ့စည်းပေးထားသည့် ကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ပြင်ဆင်ပြီးစီးနေကြပြီဟုယူဆပါကြောင်း။

ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲများ အဆင့်အတန်းမီမီကျင်းပနိုင်ရေးတို့အတွက် ကော်မတီ၊ ဆပ်ကော်မတီများ၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ယနေ့အစည်းအဝေးတွင် တင်ပြပေးကြရန်လိုကြောင်း။

အလားတူ ယနေ့အစည်းအဝေးကိုတက်ရောက်လာကြသည့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးက ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့ပြည်နယ်/တိုင်းဒေသကြီးအလိုက် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် အဆင့်အတန်းမီမီ အောင်မြင်စွာဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကိုတင်ပြပေးရန်မှာကြားလိုကြောင်း။

ပြိုင်ပွဲကြီး ပြီးသွားသည့်အခါတွင်လည်း ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် မိမိတို့ဌာနနှင့် ဒေသအလိုက်ကိုယ်စားပြုပြီး စွမ်းစွမ်းတမံပါဝင်ယှဉ်ပြိုင် ဆုတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန်ဆုချီးမြှင့်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးမြှင့်ပေးအပ်ခြင်းစသည်ဖြင့် စီစဉ်ဆောင်ရွက်ပေးပြီး အားပေးသွားကြရန်လိုကြောင်း၊ ယခုပြိုင်ပွဲကြီးကတစ်ဆင့် နိုင်ငံ့လက်ရွေးစင်အဖြစ် ရွေးချယ်ရရှိလာမည့် အားကစားသမားများကို စွမ်းရည် တိုးတက်ကောင်းမွန်အောင် ကျွေးမွေးမှု (Sports Nutrition)အပိုင်းတွင်လည်း အားကစားနည်းအလိုက်သိပ္ပံနည်းကျစနစ်တကျနှင့် ကယ်လိုရီတွက်ချက်ကျွေးမွေးစေရေး၊ ခွန်အားတိုးဖို့ တားမြစ်ဆေးမသုံးစွဲဘဲ တိုင်းရင်းဆေးဝါးများနှင့်ဖော်စပ်ကျွေးမွေးစေရေးတို့ကိုဆောင်ရွက်ရန် စသည်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်တိုက်တွန်းမှာကြားလိုကြောင်း။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရန် (၁)လလိုအပ်သည့်အချိန်နီးဝင်ဘာလဆန်းပိုင်းကစပြီး ပြည်သူများ စိတ်ဝင်စားစွာနှင့် စောင့်မျှော်အားပေးနိုင်ရန်အတွက် အမျိုးသားအားကစားပွဲတော်နှင့် စပ်လျဉ်းသည့် မီဒီယာကဏ္ဍလှုံ့ဆော်မှုများ၊ ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်အသင်းအသီးသီး၏ ပြင်ဆင်နေမှု အင်တာဗျူးများ၊ နားထောင်သူတိုင်း နားထဲသံမှိုစွဲသလိုရောက်ရှိစေမည့် အားကစားပွဲဆိုင်ရာ သီချင်းအသစ်များ၊ ပညာပေးဇာတ်လမ်းတို၊ ဟာသဇာတ်လမ်းတို စသည်များဖြင့် Social Media, Print Media, Broadcast Media တို့မှာ ပေါ့ပေါ့ပါးပါး Shortcut များနှင့်ဖော်ပြပြီး ပြည်သူလူထုကို ကြိုတင်လှုံ့ဆော်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်လည်းလိုကြောင်း။

ပြိုင်ပွဲများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျကျင်းပသွားရန်လိုအပ်ကြောင်း၊ သို့မှသာ မလိုလားအပ်သည့် အငြင်းပွားမှုများ၊ ကန့်ကွက်မှုများ မရှိနိုင်မှာဖြစ်သကဲ့သို့ ပြိုင်ပွဲ၏ရလဒ်များသည်လည်း မှန်ကန်တိကျပြီး နိုင်ငံ့လက်ရွေးစင်အဖြစ် ရွေးချယ်လျာထားမှုသည်လည်း ပိုမိုထိရောက်အကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ မျှတစွာယှဉ်ပြိုင်အားပေးမှုများနှင့် နိုင်ငံ၏ဂုဏ်နှင့် အားကစားအဆင့်အတန်းမြင့်မားစေနိုင်သည့် ပြိုင်ပွဲကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင်ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများအတွက် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ရွေးချယ်ရာတွင် အမှန်တကယ်အရည်အချင်းရှိသူများကို စိစစ်ရွေးချယ်နိုင်ရေးအတွက် အားကစားနည်းအလိုက် အံဝင်ခွင်ကျရှိမယ့် စံနှုန်းသတ်မှတ်ချက်နှင့်အညီ နည်းစနစ်ကျွမ်းကျင်သူများဖြင့် စနစ်တကျရွေးချယ်သွားရန် မှာကြားလိုကြောင်း။

ပြည်နယ်များနှင့်တိုင်းဒေသကြီးအသီးသီးက အားကစားသမားများ နေပြည်တော်ကို ရောက်ရှိပြီး ပြိုင်ပွဲများကျင်းပနေစဉ်ကာလအတွင်း ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များကို ဆပ်ကော်မတီအလိုက်က စေ့စေ့စပ်စပ်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အားကစားသမားများ စိတ်အေးချမ်းသာစွာနှင့် ပြိုင်ပွဲကြီးကို စိတ်ပါဝင်စားစွာ **စာမျက်နှာ ၁၃ သို့ ⏭**

# ကထိန်အလှူပွဲနှင့် အကျိုးတရားများ

ညွန့်ဝင်း(နတ်တလင်း)

**❖ အလှူရှင်သည်အေးချမ်းလွတ်လပ်သောဘဝမျိုးကိုရရှိပြီး သွားလိုရာကိုအန္တရာယ်ကင်းစွာ သွားလာနိုင်ခြင်း၊ အချုပ်အနှောင်မှလွတ်ကင်းခြင်း၊ အစားအသောက်များကို အဆိပ်အတောက် အန္တရာယ်မရှိဘဲစားသုံးနိုင်ခြင်း၊ မိမိကို သူတစ်ပါးကမလွှမ်းမိုးနိုင်ခြင်း၊ စားသောက်ဖွယ်ပေါ်များ၍ အလိုရှိသလို သုံးဆောင်နိုင်ခြင်း၊မိမိကသာ နေရာတကာအစိုးရခြင်း(အများက မိမိသဘော လိုက်ရခြင်း) ဟူသော အကျိုးတရားများရရှိစေနိုင်မည်ဖြစ် . . .**

ယခုကာလသည် သီတင်းကျွတ်ကာလသို့ ရောက်လာပြီဖြစ်ရာ မြန်မာတို့၏ရိုးရာကောင်းမှုအလှူပွဲတစ်ခုဖြစ်သည့် ကထိန်အလှူပွဲ ကျင်းပချိန်ဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် တစ်လတာကို ကထိန်ခင်းနိုင်သည့်ကာလအဖြစ် တန်ဆောင်မုန်းလပြည့်နေ့အထိ ဘုရားရှင်ကသတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့် သီတင်းကျွတ်ချိန်မှစ၍ မြန်မာလူမျိုးတို့သည် နိုင်ငံအနှံ့အပြား၌ ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့ကြသည်။

ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းသည့်ဓလေ့ ဖြစ်ပေါ်လာပုံကို အကျဉ်းမျှတင်ပြပါမည်။မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူစဉ်ဖြစ်သည်။ အရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံ့သကူဓုတင်၊ တိစီဝရိတ်ဓုတင်ဆောက်တည်ကြသော ရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားရှင်ကိုဖူးမြော်ရန် ပါဝေယျမြို့မှ အလွန်ဝေးကွာလှသော သာဝတ္ထိပြည်သို့ကြွလာကြသည်။ ထိုသို့ကြွလာချိန်သည် ရဟန်းတော်များဝါဆိုရမည့်နေ့ရောက်ရှိလာချိန် ဖြစ်သဖြင့် သာဝတ္ထိပြည်မရောက်မီ ယူဇနာခြောက်ဆယ်ကွာဝေးသော သာကေတဟူသည့် မြို့မှာပင် ဝါဆိုလိုက်ကြရသည်။

ဝါလကင်းလွတ်၍ ဝါကျွတ်သည့်အခါ ရဟန်းတော်တို့သည် မြတ်စွာဘုရားရှင်အားဖူးမြော်ရန် ဆက်လက်ကြွခဲ့ကြသည်။ ထိုသို့ကြွရာလမ်းခရီး၌ မိုးတွင်းကာလဖြစ်၍ ရဟန်းတော်တို့ဝတ်ရုံထားသော သင်္ကန်းများသည် မိုးရေတို့ဖြင့်စိုရွှဲနေလေသည်။ ရဟန်းတော်များမြတ်စွာဘုရားထံ ရောက်သော် မြတ်စွာဘုရားက ရဟန်းတော်များကို ဝါတွင်းကာလတွင် ချမ်းချမ်းသာသာ သီတင်းသုံးခဲ့ရပါသလားဟု မေးမြန်းသည်၊ ရဟန်းတော်တို့က မိမိဆင်းရဲဒုက္ခရောက်ရပုံများကို ဘုရားရှင်ထံလျှောက်ထားကြရာ မြတ်စွာဘုရားရှင်က ရဟန်းတော်များ နောင်တွင်ချမ်းသာစွာသီတင်းသုံးနိုင်ရန် ပုရိမဝါကပ်ခြင်းနှင့် ပြည့်စုံသော (ဝါမကျိုးမပျက်ဘဲ ဝါကျွတ်လာသော) ရဟန်းတို့အား ကထိန်ခင်းခွင့်ပြုခဲ့သည်။

ကထိန်သင်္ကန်းကပ်လှူမှုကို ခံယူခွင့်ရှိသော ရဟန်းမှာ ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းသာလျှင်ဖြစ်သည်။ တစ်နည်းအားဖြင့် အကျင့်သီလသိက္ခာနှင့်ပြည့်စုံသော ရဟန်းသည်သာ ကထိန်သင်္ကန်းကပ်လှူပူဇော်ခံခွင့်ရှိခြင်းဖြစ်သည်။ ကထိန်သင်္ကန်းကပ်လှူရာ၌ "ကထိန်ခင်းရန်၊ ထုတ်မိန့်ပြန်၊ သုံးတန် သင်္ကန်းမျိုး" ဟု ဆိုသည့်အတိုင်း ဒုကုဋ်သင်္ကန်း ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ ဧကသီ ခေါ် ကိုယ်ဝတ်သင်္ကန်းနှင့် သင်းပိုင် ခေါ် ခါးဝတ်သင်္ကန်းဟူသော ဘုရားခွင့်ပြုသည့် သင်္ကန်းသုံးထည်တို့ကို လှူဒါန်းနိုင်ပြီး သံဃာတော်တို့ ကထိန်ခင်းခွင့်ရကြသည်။ မြတ်စွာဘုရားက ဝိနည်းနှင့်ပြည့်စုံသည့် ရဟန်းတော်တို့ကို ထိုသို့ကထိန်ခင်းခွင့်ပြုခဲ့သဖြင့် ကထိန်အကျိုးတရားငါးပါးကို ရဟန်းတော်တို့ရရှိသည်။ ယင်းအကျိုးငါးပါးကား ရဟန်းသည်(၁) အထင်အရှားရှိသော ရဟန်းကို မပန်ကြားဘဲ ဒါယကာ၊ ဒါယိကာမတို့၏နေအိမ်အစရှိသောနေရာများသို့ သွားလာနိုင်ခြင်း၊ (၂)မိမိနှင့် ကင်းကွာ၍မရသော တိစီဝရိတ်အဓိဋ္ဌာန်တင်ထားသည့် သင်္ကန်းကို မယူဆောင်ဘဲ သွားနိုင်ခြင်း၊ (၃) ဒါယကာ၊ ဒါယိကာမတို့၏ မဆီလျော်မအပ်စပ်သည့် ဆွမ်းဖိတ်ကြားမှုကို လွတ်လပ်စွာသုံးဆောင်နိုင်ခြင်း၊ (၄) အလိုရှိတိုင်း အဓိဋ္ဌာန်ဝိကပ္ပနာမပြုသော သင်္ကန်းကိုဆောင်ယူနိုင်ခြင်း၊ (၅) ထိုကထိန်ခင်းသောကျောင်း၌ လှူဒါန်းဖြစ်ပေါ်လာသမျှသော သင်္ကန်းမှန်သမျှကို သုံးစွဲခွင့်ရခြင်းတို့ဖြစ်သည်။

ကထိန်ဟူသောစကားသည် ကထိနဟူသောပါဠိစကားမှဆင်းသက်လာသည်။ " ကထိန" မှ နငယ်ကို တံခွန်လွှား၍ (မြန်မာလိုအသတ်ပြု၍) ကထိန်ဟူ၍ ဖြစ်လာခြင်းပင်။ ကထိန၏အဓိပ္ပာယ်မှာ ခိုင်မြဲခြင်း၊ မြဲမြံခြင်းဖြစ်သည်။ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို လက်ခံရရှိပြီး ကထိန်ခင်းခွင့်ရသည့်ရဟန်းသည် ဘုရားရှင်ပညတ်ထားသော ဝိနည်းသိက္ခာပုဒ်အချို့ကို သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ငါးလတိုင်တိုင်ကင်းလွတ်ခွင့်ရသည်။ ထိုသို့ အကျိုးအာနိသင်များကိုခိုင်ခိုင်မြဲမြဲရရှိစေသောကြောင့် ကထိန်ဟုခေါ်ဆိုခြင်းဖြစ်သည်။

ကျွန်ုပ်တို့လူများက မည်သည့်မြို့ရွာ၊ မည်သည့်ကျောင်းတိုက်တွင် ကထိန်ခင်းလှူဒါန်းမည်ဟု ပြောကြသော်လည်း အမှန်စင်စစ် ကထိန်ခင်းသည့်အမှုကို ရဟန်းတော်တို့ကသာပြုလုပ်ရသည်။ ကျွန်ုပ်တို့ ဒါယကာ၊ ဒါယိကာမများက ရဟန်းတော်များကထိန်ခင်းနိုင်အောင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမှုကိုသာပြုနိုင်ပေသည်။ ရဟန်းတို့သည် အလှူရှင်လှူဒါန်းသည့် သင်္ကန်းနှင့်သိမ်ဝင်လျက် ကျောင်းတိုက်တွင်ရှိသည့် သံဃာတစ်ပါးအား သံဃာများ၏သဘောတူညီချက်ဖြင့် ရွေးချယ်၍ သင်္ကန်းကိုအပ်နှင်းကာ ကမ္မဝါစာများရွတ်ဖတ်ကြားနာပေးကြရသည်။ သင်္ကန်းကိုလက်ခံရရှိသည့်ရဟန်းသည် မိမိဝါဆိုရာ ကျောင်းတိုက်တွင် ထိုသင်္ကန်းဖြင့် ကထိန်ခင်းရသည်။ ရဟန်းသည် သင်္ကန်းကိုလက်ခံရရှိသည့်နေ့မှာပင် နေ့ချင်းကထိန်ခင်းရသည်။ နောက်နေ့မှ ကထိန်ခင်းလျှင် ကထိန်အမှုအထမမြောက်တော့ပေ။ နေ့မကူးသော မသိုးသင်္ကန်းဖြင့် ကထိန်ခင်းရသည့်အပြင် ထိုသင်္ကန်းမဟုတ်ဘဲ အခြားသင်္ကန်းဖြင့်လည်း ကထိန်ခင်းမရပါ။ ကထိန်ခင်းရမည့် ရဟန်းသည် ဒါယကာ၊ ဒါယိကာမက မိမိသဒ္ဓါအလျောက်ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမှုကို လက်ခံရရှိမှသာ ကထိန်ခင်းခွင့်ရသည်။ ရဟန်းသည် ဒါယကာ၊ ဒါယိကာမကို မိမိကျောင်း၌ကထိန်အလှူပြုရန် တောင်းဆိုခွင့်၊တိုက်တွန်းခွင့်မရှိပါ။ အလှူရှင်ကလည်း သံဃသဒေမ–ဤသင်္ကန်းကို သံဃာရည်မှန်းလှူဒါန်းပါသည် ဆိုပါမှလည်း ကထိန်ခင်းခွင့်ရပြီး အကျိုးတရားများမှန်မှန်ကန်ကန်ရရှိနိုင်သည်။

ကထိန်အလှူသည် တစ်နှစ်တွင် တစ်ခါသာ လှူဒါန်းခွင့်ရသည်။ ထိုတစ်ခါမှာလည်း သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကာလအတွင်း၌သာ လှူဒါန်းခွင့်၊ ကထိန်ခင်းခွင့်ရသည်။ ထိုတစ်လတာအတွင်း တစ်ကျောင်း၌တစ်ကြိမ်သာအခွင့်ရသည်။ ကထိန်ခင်းရန် ကျောင်းတိုက်တွင် သိမ်ရှိရမည်။ လေးပါးအထက်ရှိသောရဟန်းများရှိရမည်။ ထိုအချက်များပြည့်စုံမှသာ ကထိန်ခင်းမှုအထမြောက်အောင်မြင်ပါသည်။ ကထိန်အလှူကို အမြင့်မြတ်ဆုံးအလှူဟုသတ်မှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကထိန်အလှူသည်ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းသော အလှူဖြစ်သောကြောင့်ဟု အဋ္ဌကထာတွင်ဖွင့်ဆိုထားသည်။ ကထိန်အလှူသည် (၁)သံဃာကို ရည်မှန်းပြီး လှူဒါန်းသည့်သံဃိကအလှူဖြစ်ရခြင်း၊ (၂)သတ်မှတ်ချိန်ကာလအတွင်းမှာပင် လှူဒါန်းရသည့် ကာလဒါနဖြစ်ခြင်း၊ (၃) အခြားဝတ္ထုပစ္စည်းများမဟုတ်ဘဲ အရဟတ္တဓဇ ခေါ် ရဟန္တာတို့၏ အလံတံခွန်သဖွယ်ဖြစ်သော အဝတ်သင်္ကန်းဖြင့်သာ ကထိန်ခင်းနိုင်ခြင်း၊ (၄) ယင်းအလှူကိုအကြောင်းပြု၍ ရဟန်းတော်များ ဝိနည်းသိက္ခာပုဒ်အချို့ကို ငါးလတိုင်တိုင်ကင်းလွတ်ခွင့်ရခြင်းဟူသော ထူးခြားကောင်းမြတ်သည့် အချက်များနှင့်ပြည့်စုံသဖြင့် အမြတ်ဆုံးအလှူဟုခေါ်ဆိုနိုင်ပေသည်။

ကထိန်အလှူ၏ အကျိုးအာနိသင်ကို ရဟန်းတော်တို့ရရှိခံစားရသကဲ့သို့ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းသည့် အလှူရှင်သည်လည်း အလားတူ အကျိုးတရားငါးပါးရရှိသည်။ အလှူရှင်သည် အေးချမ်းလွတ်လပ်သော ဘဝမျိုးကိုရရှိပြီး သွားလိုရာကို အန္တရာယ်ကင်းစွာ သွားလာနိုင်ခြင်း၊အချုပ်အနှောင်မှလွတ်ကင်းခြင်း၊ အစားအသောက်များကို အဆိပ်အတောက်အန္တရာယ်မရှိဘဲစားသုံးနိုင်ခြင်း၊ မိမိကို သူတစ်ပါးက မလွှမ်းမိုးနိုင်ခြင်း၊ စားသောက်ဖွယ်ပေါ်များ၍ အလိုရှိသလို သုံးဆောင်နိုင်ခြင်း၊မိမိကသာ နေရာတကာအစိုးရခြင်း(အများက မိမိသဘောလိုက်ရခြင်း) ဟူသော အကျိုးတရားများရရှိစေနိုင်မည်ဖြစ်သည်။

တန်ဆောင်မုန်းလတွင် သံဃာတော်များကို ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲပြုလုပ်သည့်အပြင် မသိုးသင်္ကန်းရက်လုပ်၍ မြတ်စွာဘုရားကို ဆက်ကပ်လှူဒါန်းပွဲပြုလုပ်သည့် အစဉ်အလာလည်းရှိသည်။ လက်ရက်ကန်းခတ်သော လုံမပျိုများက မသိုးသင်္ကန်းရက်လုပ်ကြကာ မြတ်စွာဘုရားရှင်ကို ရည်မှန်းလှူဒါန်းကြသည်။ မသိုးသင်္ကန်းဆိုသည်မှာ တန်ဆောင်မုန်းလဆန်း ၁၄ ရက်(အဖိတ်နေ့)ညဦးမှ စတင်ရက်လုပ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် အပြီးသတ်ရက်လုပ်လှူဒါန်းရသော သင်္ကန်းဖြစ်သည်။ အချိန်မီ ရက်လုပ်လှူဒါန်းရသော သင်္ကန်းဖြစ်၍လည်းမသိုးသင်္ကန်းဟု ခေါ်ဝေါ်သမုတ်ကြသည်။

ကထိန်အလှူ၌ သင်္ကန်းကိုသာလှူဒါန်း၍ ကထိန်ခင်းရသော်လည်း အခြားလှူဖွယ်ပစ္စည်းများကိုလည်း သံဃာတော်များအလိုရှိရာ သုံးစွဲနိုင်စေရန်ရည်ရွယ်၍ ရှေးဘိုးဘွားများလက်ထက်မှစ၍ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းလာခဲ့ရာ ယနေ့အချိန်အခါတွင် ပဒေသာပင်များပြုလုပ်၍ လှူဖွယ်ပစ္စည်းမျိုးစုံပူးတွဲလှူဒါန်းကြသည်။ ကထိန်အလှူရှင် တစ်ဦးတည်း လှူဒါန်းနိုင်သကဲ့သို့အများစုပေါင်း၍ ဘုံကထိန်အဖြစ်လည်းလှူဒါန်းနိုင်သည်။ စာရေးသူတို့မြို့ရွာများတွင် စာသင်ကျောင်းကထိန်၊ ဈေးကထိန်၊ ရပ်ကွက်ကထိန်၊ ရုံးကထိန်စသည်ဖြင့် ဘုံကထိန်ပွဲများကို ကျင်းပလှူဒါန်းကြသည်။ လှူဖွယ်ပစ္စည်း ပဒေသာပင်များနှင့်တကွ ပရိသတ်စုံလင်စွာ မြို့ရွာအတွင်းလှည့်လည်ကာ အများကိုလည်းကြည်ညိုသဒ္ဓါပွားစေသည်။ ထို့နောက်ကထိန်ခင်းမည့် ကျောင်းတိုက်သို့သွားရောက်၍ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သံဃာတော်များက ကထိန်ခင်းပြီး ဆရာတော်များချီးမြှင့်သည့် ကထိန်တရားကိုနာယူကာ ဝမ်းမြောက်ခြင်း အနုမောဒနာဖြင့် သာဓုခေါ်ဆိုကြပါသည်။

ထို့ကြောင့် တစ်နှစ်လျှင်တစ်ကြိမ်သာ ခင်းကြရသည့် ကထိန်အလှူတွင် ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် ကထိန်အလှူဒါနမြောက်စေရန်အတွက် ဝိနည်းတော်နှင့်အညီ ကုသိုလ်ယူလှူဒါန်းနိုင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။

---

# ကျေးလက်ရေရရှိရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး

**မိုင်းကိုင် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် ဟမ်းငိုင်းကျေးရွာအုပ်စု နားမွှမ်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးမြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာလ ၃၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် နားမွှမ်းကျေးရွာ၌ အရှည် ၃ မိုင်ရှိသည့် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် အလျား ၂၅ ပေ၊ အနံ ၃ ပေ၊ အမြင့် ၅ ပေရှိသည့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးရေးကော်မတီများနှင့်တွေ့ဆုံကာ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမှတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါရေရရှိရေးလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၉၈ ဒသမ ၄၈ သန်းကို အသုံးပြုကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

Naypyitaw State Polytechnic University
[Master Plan]




Naypyitaw State Polytechnic University
[တိုးချဲ့ ပင်မဆောင်]




❍ စာမျက်နှာ ၁၇ မှအဆက်

အားကစားကွင်းများ၊ စာကြည့်တိုက်နှင့် အခြားသင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုအဆောက်အဦများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ တိုးချဲ့ပင်မဆောင် ဆက်လက်ဆောင်ရွက်သွားမည့်အဆိုပြုပုံစံများ ဆောင်ရွက်ထားရှိမှု၊ တက္ကသိုလ်အတွင်း မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ရုပ်တု တည်ဆောက်ထားရှိနိုင်ရေးဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခု Naypyitaw State Polytechnic University သည် အများပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်စားမှုရှိသည့် တက္ကသိုလ်တစ်ခုဖြစ်သည့်အတွက် ပရိဝုဏ်အတွင်းရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် အခြားအထောက်အကူပြုအဆောင်များအားလုံး အဆင့်မီမီဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အဦများ ထည့်သွင်းတည်ဆောက်ရာတွင် ယခုလက်ခံနိုင်သည့် ကျောင်းသား၊ ကျောင်းသူဦးရေနှင့် ဆရာ၊ ဆရာမ ဦးရေအရေအတွက်အပြင် ရေရှည်တိုးပွားလာနိုင်သည့် အရေအတွက်များအတွက်လည်း ကြိုတင်တွက်ချက် စဉ်းစားဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တက္ကသိုလ်ဖွင့်လှစ်ချိန်၌ လျာထားလက်ခံနိုင်မည့်ကျောင်းသားဦးရေမှ နှစ်အလိုက် တိုးတက်လာနိုင်သည့် ကျောင်းသား၊ ကျောင်းသူဦးရေအပေါ် မူတည်၍ ကျောင်းသား၊ ကျောင်းသူ တိုးချဲ့၍ လက်ခံသင်ကြားပေးနိုင်ရေးအတွက်လည်း ကြိုတင်တွက်ချက်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုပြီး သစ်ပင်ပန်းမန်များစနစ်တကျ ထည့်သွင်းစိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးပြီးဖြစ်သည့်အပင်များ ဆက်လက်ရှင်သန်စေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အပင်ကြီးများစိုက်ပျိုးရာတွင် ရေရှည်ကြီးထွားလာမည့် အခြေအနေများအထိ ကြိုတင်တွက်ချက်စဉ်းစားပြီးမှသာ စနစ်တကျ စိုက်ပျိုးသွားရန်လိုကြောင်း၊ ယခုပွင့်လင်းရာသီသို့ရောက်ရှိပြီဖြစ်သဖြင့် လာမည့်နှစ် မိုးရာသီမတိုင်မီ ရေထုတ်စနစ်များအားလုံး ဆောင်ရွက်ပြီးစီးစေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်အတွင်း ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေ၊ မီးစနစ်များ စနစ်တကျဖြစ်စေရေး၊ သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

Naypyitaw State Polytechnic University
[မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ရုပ်တု]




# စစ်ကိုင်းမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆုချီးမြှင့်ပွဲကျင်းပ

စစ်ကိုင်း အောက်တိုဘာ ၃၀

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၉ ရက်က စစ်ကိုင်းမြို့ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) ရွာထောင်၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးတိုးဝေက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းအောင်က ကျောင်းသား၊ ကျောင်းသူလူငယ်များအား စာပေလေ့လာဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်လူငယ်များဖြစ်လာစေရန် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို စဉ်ဆက်မပြတ်ကျင်းပပေးလျက်ရှိကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲများနှင့်အတူ စုပေါင်းကစားနည်းများကိုလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်အတွက် အသင်းလိုက် စည်းလုံးညီညွတ်စွာဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးတိုးဝေ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းအောင်နှင့်တာဝန်ရှိသူများက ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏ်စမ်းပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များပေးအပ်သည်။

အဆိုပါကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုတွင် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏ်စမ်းပြိုင်ပွဲ၊ ခါးကွင်းလှည့်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ပြီး အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲတို့ကိုလည်း ခင်းကျင်းပြသပေးခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University ပရိဝုဏ်အတွင်းရှိ ပြေးလမ်းအပါ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောင်းသားအိပ်ဆောင် ဆောက်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

❖ ယခု Naypyitaw State Polytechnic University သည် အများပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်စားမှုရှိသည့် တက္ကသိုလ်တစ်ခုဖြစ်သည့်အတွက် ပရိဝုဏ်အတွင်းရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် အခြားအထောက်အကူပြုအဆောင်များအားလုံး အဆင့်မီမီဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲရေးဆောင်ရွက် . . .

❖ အဆောက်အဦများ ထည့်သွင်းတည်ဆောက်ရာတွင် ယခုလက်ခံနိုင်သည့် ကျောင်းသား၊ ကျောင်းသူဦးရေနှင့် ဆရာ၊ ဆရာမ ဦးရေ အရေအတွက်အပြင် ရေရှည်တိုးပွားလာနိုင်သည့် အရေအတွက်များအတွက်လည်း ကြိုတင်တွက်ချက်စဉ်းစားဆောင်ရွက်ထားရှိရန်လို . . .

❍ **ကျောဖုံးမှအဆက်**


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Naypyitaw State Polytechnic University





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပင်မစာသင်ဆောင်အတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အားကစားခန်းမဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပင်မစာသင်ဆောင်အတွင်း ဘွဲ့နှင်းသဘင်ခန်းမဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**❖ ယခုပွင့်လင်းရာသီသို့ရောက်ရှိပြီဖြစ်သဖြင့် လာမည့်နှစ် မိုးရာသီမတိုင်မီ ရေထုတ်စနစ်များအားလုံး ဆောင်ရွက်ပြီးစီးစေရေးအတွက်လည်း ဆောင်ရွက်သွားရန်လို၊ တက္ကသိုလ်အတွင်း ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လို၊ ရေ၊ မီးစနစ်များ စနစ်တကျဖြစ်စေရေး၊ သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားတွက်ချက်ဆောင်ရွက် . . .**

ပရိဝုဏ်အတွင်းရှိ ပြေးလမ်းအပါ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်တည်ဆောက်နေမှု အခြေအနေများ၊ ကျောင်းသားအိပ်ဆောင်၊ ထမင်းစားဆောင်နှင့် အားကစားခန်းမ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပင်မစာသင်ဆောင်အတွင်းသို့ ရောက်ရှိကြပြီး ကျောင်းသားစုဝေးခန်းမ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ယာယီစာကြည့်တိုက်နှင့် အထောက်အကူပြုခန်းများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကဏ္ဍတစ်ခုချင်းစီအလိုက် အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တက္ကသိုလ်ယာယီရှင်းလင်းဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်အတွင်း သုံးထပ် ပင်မစာသင်ဆောင်အပါအဝင် ဝန်ထမ်းအိမ်ရာများ၊ စာသင်ဆောင်များ၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ အဆောင်များ၊ **စာမျက်နှာ ၁၅ သို့** ❍





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပင်မစာသင်ဆောင်အတွင်း စာသင်ခန်းနှင့် ယာယီစာကြည့်တိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects progress in building Naypyitaw State Polytechnic University

NAY PYI TAW October 30

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspected the progress in building Naypyitaw State Polytechnic University here this morning.

First, the Senior General was welcomed by SAC Joint Secretary General Ye Win Oo, union ministers Dr Nyunt Pe, Dr Myo Thein Kyaw, U Myo Thant, Nay Pyi Taw Council Chair U Than Tun Oo, the Nay Pyi Taw Command commander, Pro-Rector of Naypyitaw State Polytechnic University Dr Soe Lin Aung, faculty members and officials.

The Senior General inspected the football field including stands and running tracks, hostels, dining hall and gymnasium in the university compound and looked into the requirements.

Afterwards, he arrived at the main lecture hall, and later inspected the structures of the assembly hall, convocation hall, lecture rooms, practical rooms, temporary library and support rooms, sector by sector in detail, and fulfilled the requirements.

At the temporary briefing hall, the union minister for Science and Technology reported on the progress in erecting three-storey main lecture hall, staff housings, lecture rooms, hostels for faculty members and students, sports grounds, library, teaching aid buildings and further plans, presentation of proposed plans for the extended main hall, and plans to erect a statue marking the centenary of Myanmar engineering education at the university.

In response, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing said as the university is an institution of higher learning that attracts the interest of the people and students, all the lecture rooms, hostels and other supporting rooms must meet the required standard and be sustainable. In erecting buildings, their future capacities must be taken into account, in addition to the measurements to accommodate the current population of teachers and students. Calculations must be made in advance to accept the rising number of students based on estimated annual student population growth. Also, a program to improve the design and appearance of the university and systematic nurturing programs for beautifying the campus with thriving plants must be implemented. Careful survey is needed in planting saplings of large-tree species for their long-term growth. As this year's open season has arrived, all drainage systems must be completed before the onset of the coming year's monsoon. He then spoke of the need to generate solar power for the university and prioritize the water and power supply and pleasantness of the university.

100



Senior General Min Aung Hlaing inspects a computer room.

[redacted]



Senior General Min Aung Hlaing inspects a room at Naypyitaw State Polytechnic University.

[redacted]



Senior General Min Aung Hlaing views photos on construction activities for the football field.

[redacted]

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses fourth meeting of the Leading Committee for Organizing the 5th National Sports Festival 2024



Vice-Senior General Soe Win addresses the fourth meeting of the Leading Committee for Organizing the 5th National Sports Festival 2024.

NAY PYI TAW October 30

The fourth meeting of the 5th National Sports Festival 2024 took place at the assembly hall of the Ministry of Sports and Youth Affairs in Nay Pyi Taw this afternoon, with an address by Patron of the Leading Committee for Organizing the 5th National Sports Festival 2024 Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the meeting were Union ministers, the auditor general of the Union, the Nay Pyi Taw Council Chairman, deputy ministers, departmental heads and officials together with chief ministers of regions and states through video conferencing.

In his speech, the Vice-Senior General said that uplifting sport sector intends to enhance prestige of the State and national, stimulating the patriotism and national spirit. So, the 5th National Sports Festival will be held in the term of the State Administration Council with essence under the guidance of the Head of State.

At the opening ceremony of the 2024 Tatmadaw (Army, Navy and Air) Sports Meet on 25 September, SAC Chairman Prime Minister Senior General Min Aung Hlaing gave guidance, saying **"Achievements in sports can uplift physical and mental capacity of citizens as well as directly develop human resources."** So, it showed the important role of the sports sector for the State and the people.

The National Sports Festivals have so far been held four times so far. The first time was held from 3 to 16 May 1992 in Yangon with 22 sports events, the second time from 25 January to 6 February 1994 in Yangon with 24 sports events, the third from 11 to 24 January 1997 in Yangon with 29 sports events and the fourth from 13 to 28 February 2015 in Nay Pyi Taw with 27 sports events.

As there remains just over a month to hold the 5th National Sports Festival, officials from committee and subcommittees must complete preparations for the festival to some extent. Officials of committee and subcommittees have to report their preparations, undergoing process and further tasks to hold the festival on a grand scale and to organize competitions meeting the standards.

Chief Ministers of regions and states who are attending the meeting have to submit their reports on preparations for their teams to take part in the festival successfully.

Upon completion of the festival, victorious medallist athletes representing ministries and regions and states who showed off their excellent skills and talents must be deservedly awarded and promoted their ranks in the workforces as part of encouraging their efforts. The selected athletes from coming festival will be provided systematic foods with calculation of calories plus traditional medicines as the sports nutrition without using dopes in cooperation with the Ministry of Health.

Starting from the early November, one month ahead of the festival, to spark public interest and anticipation, plans are underway to promote the preparation of the festival through media campaigns, showcase the event's preparation activities, and conduct interviews with participating teams on their training progress. Moreover, new sports-themed songs, short educational stories, and humorous skits are being created to captivate audiences. Social media, print media, and broadcast media have to feature these promotions in a fun and engaging way through short formats to build excitement among the public in advance.

The sports competitions must be held under prescribed rules and regulations systematically. If so, participants will avoid disputes and objections. Results of competitions will be correct and accuracy, effectively contributing to the plans to choose the selected players. Hence, all have to make efforts to hold the festival with fair competition and encouragement, enhancing prestige of the State and standard of sports sector.

At the upcoming 5th National Sports Festival, athletes with potential as representatives and promising new-generation athletes will be selected for the 33rd Southeast Asian Games to be held in December 2025 and for other international competitions. In this selection process, efforts will be made to ensure that those who genuinely possess the necessary skills are chosen. Competent evaluators specializing in each sport will carry out the selection according to set standards and criteria for each sport.

Athletes from various states and regions will arrive in Nay Pyi Taw for the competition. During the event, relevant subcommittees are instructed to meticulously provide for the athletes' accommodations, meals, healthcare, and administrative needs. This is to allow the athletes to compete comfortably, peacefully, and with full engagement. Additionally, officials and team managers are instructed to closely supervise, minimizing any potential weaknesses to ensure successful completion of the event without incidents, injuries, or unforeseen occurrences."

The upcoming National Sports Festival should not be viewed merely as a sporting event, but rather as a national responsibility that needs to be carried out with high standards, organization, and success at a level of significance to the nation. Due to the vast scope of collaborative tasks required, ministries of the Union, state and regional governments, the Myanmar Sports Federations, former national athletes, NGOs, media personnel, and the public as a whole are encouraged to actively contribute with a sense of national spirit in their respective areas. This collective effort will allow the successful organization of the National Sports Festival under the theme of **'Unity and Success'**.

This National Sports Festival also serves as an opportunity to showcase our love for our people and country, unity, cooperation, and stability. Therefore, the work committee and subcommittees are urged to execute their duties and responsibilities according to the plan without any gaps or oversights to ensure success. Additionally, if unforeseen challenges arise, responsible parties are expected to report and address them promptly. Moreover, there is a strong emphasis on conducting every activity with safety awareness, ensuring security throughout all operations.

Following this, U Min Thein Zan, Chairman of the Steering Committee for the organization of the 5th National Sports Festival and Union Minister for Sports and Youth Affairs, provided updates on the implementation of previous meeting resolutions, matters related to the commemoration of the National Sports Festival, and details regarding competition schedules.

Afterwards, Union Ministers, the Union Auditor General, the Chairman of the Nay Pyi Taw Council, Chief Ministers of Regions and States, and Deputy Ministers, who are members of the organizing committee, presented the plans for conducting the opening and closing ceremonies of the 5th National Sports Festival with grandeur and in alignment with national standards appropriate to the times. They also reported on the current status of preparations for the sports events to be held in each respective category and provided an update on the conditions for participation in the competitions according to each sport.

Subsequently, the chairpersons of various subcommittees,

See Page - 21►►

# Trump vs Harris: Who are the big money players supporting the candidates and What's soros' game?

MOSCOW October 30

As the federal election cycle races toward becoming the most expensive in US history, both Kamala Harris and Donald Trump are being backed by staggering sums. But how do the financial forces and interests stack up between the two?

Fifty megadonors have collectively poured over US$-2.5 billion into political committees and other organizations supporting Democrats and Republicans, according to The Washington Post. Individual megadonors have played "an outsized role" in the 2024 presidential race, Axios reports.

"What the donors expect in return is influence," Jim Rogers, renowned investor, chairman of Beeland Interests, and co-founder of Quantum Fund, told Sputnik. "And if they need something or think they need something from the government, they think that they will be able to contact the government, contact someone and get what they need. If you pay a lot of money, you expect to get something in return."

Billionaires Bill Gates and Mike Bloomberg gave US$-50 million each to support Kamala Harris, while Tesla CEO Elon Musk has given almost US$-75 million to PACs supporting Trump. Businessman Timothy Mellon poured a whopping US$-125 million into the super PAC Make America Great Again. Nonetheless, Harris is leading Trump by over two-to-one in terms of fundraising and spending.

"In the period 1988 to the present, the emergence of unregulated globalism has created an opportunity for big investors to really not just curry favor with big governments, but to basically pick and choose leaders and key officials in these governments, either to protect themselves from prosecution or to put themselves in a position where they can reap large financial rewards off of their government connections," Wall Street analyst Charles Ortel told Sputnik.

**Sputnik**

# Warships from one of NATO's top navies take long way home from Asia to avoid running into Houthis



BERLIN October 30

German Defence Minister Boris Pistorius ordered the German Navy's Baden-Wurttemberg frigate and Frankfurt-am-Main auxiliary replenishment ship to take the long way home back to Germany after the end of their deployment in the Indo-Pacific.

Der Spiegel says Pistorius ordered the ships – which recently docked in Goa, India, to avoid the Houthi-controlled Red Sea, with the vessels instead expected to sail southwestward through the Indian Ocean, around South Africa through the Cape of Good Hope before heading north up the west coast of Africa.

The German Defence Ministry reportedly debated over whether a Red Sea route was justifiable, but "in the end, skepticism prevailed," with "the decisive factor" being "that the security situation in the Red Sea had deteriorated significantly," with German allies involved in a security mission in the strategic body of water reportedly making it clear to Berlin "that escort protection is currently not possible."

The risk of a further escalation of the conflict between Iran and Israel also impacted Pistorius's decision, Spiegel said, citing the Houthis' allegiance to the Axis of Resistance, and the Israeli military's habit of attacking Houthi positions after the militia's missile and drone strikes targeting Israel and its allies.

**Sputnik**

# Sudan's civil conflict escalates as number of displaced people surpasses 14 mln

KHARTOUM October 30

The deadly conflict between the Sudanese Armed Forces (SAF) and the paramilitary Rapid Support Forces (RSF) has been escalating over the past months, as more than 14 million Sudanese civilians have fled their homes.

The clashes have particularly intensified in the capital Khartoum, and Gezira and Sinnar States in central Sudan.

According to sources and eyewitnesses, the SAF is continuing its offensive launched on September 26 against the RSF in large parts of Khartoum and Bahri cities.

A military source, who spoke on condition of anonymity, told Xinhua on Tuesday that "the military operation is proceeding as planned."

"The SAF has made significant advancement south and southwest of Khartoum ... besides its advancement in east



Khartoum areas," he added, while noting that the RSF still controls about 70 percent of the city.

In Bahri city, north of Khartoum, the Sudanese army has controlled the northwestern part, including the strategic Al-Halfaya neighborhood and its main bridge linking Bahri and Omdurman cities, the eyewitnesses said.

In Sinnar state, the SAF said in a statement that, after recapturing the state's strategic areas of Jebel Moya, Al-Dinder and Al-Suki, its units have managed to secure the road linking the cities.

Coinciding with the escalating military confrontations, a wave of defections emerged within the RSF. On October 20, its commander in central Sudan, Abu Aqla Keikel, surrendered himself and his forces to the SAF, followed by the defection of five advisors to the RSF's commander, Mohamed Hamdan Dagalo, on October 25.

"The defections constituted a painful blow to the RSF, especially its commander in central Sudan," Abdul-Rahim Al-Sunni, a Sudanese political analyst, told Xinhua.

"In reaction to Keikel's defection, the RSF is now carrying out what resembles retaliatory campaigns in eastern Gezira region," he said.

The escalating military confrontations are leading to increa-singly severe humanitarian crises. The International Organization for Migration (IOM) reported on Tuesday that over 14 million civilians have been displaced from their homes since the conflict in Sudan began.

"The (internal) displacement number has hit 11 million. That's up 200,000 just since September," IOM Director-General Amy Pope said in a statement.

"Another 3.1 million people have traveled across borders to flee the fighting. In total, nearly 30 percent of Sudan's population has been displaced," she added.

Pope described the situation in Sudan as "catastrophic," noting "the suffering is growing by the day" and that "almost 25 million people are now requiring assistance."

The IOM chief highlighted the cost of this displacement crisis, calling for "the guns in Sudan to fall silent."

Sudan has been ravaged by the deadly conflict between the SAF and the RSF since mid-April 2023. According to a situation report issued by the Armed Conflict Location and Event Data Project on October 14, the conflict has resulted in more than 24,850 deaths.

**Xinhua**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Laotian ambassador to Myanmar



Senior General Min Aung Hlaing receives Ambassador of Laos to Myanmar H.E.Mr. Heuangseng KHAMDALAVONG.

NAY PYI TAW October 30

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received ambassador of Laos to Myanmar H.E. Mr. Heuangseng KHAMDALAVONG, who is returning home on completion of his duties, at the parlour of the credential hall of the Office of the Chairman of the State Administration Council in Nay Pyi Taw this morning.

During the call, they frankly exchanged views on the progress of friendly cooperation between the two countries as strong and friendly nations, mutual assistance between the two countries as good neighbourly, old and friendly nations along the history, exchange of friendly visits and potentials for promotion of cooperation,direct flights between the two countries, potentials for promotion of mutual trade between the two countries, cooperation in electricity generation, political developments in Myanmar and preparations for holding a free and fair multi-party democracy general election.

Also present together with the Senior General were Joint Secretary of the SAC General Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and officials.

**100**

---

►► From Page - 19

including the Deputy Ministers, Deputy Auditor General, and other responsible officials, provided updates on the work progress and ongoing plans for the successful organization of the 5th National Sports Festival. These subcommittees include those responsible for transportation and communication, fireworks, security, finance and awards, media and documentation, health, event management and logistics, invitation and hospitality, ceremony preparation, accommodations and catering, auditing, arbitration, and selection of new-generation athletes. Each subcommittee reported on the work completed so far and the plans to be implemented in their respective sectors.

Following this, the Vice-Senior General provided feedback on these reports, addressing any necessary adjustments and improvements. The meeting was then concluded with final remarks and adjourned. **100**

---

# Monywa Township farmers cultivate 945 acres of rain-fed sunflowers

MONYWA October 30

A total of 945 acres of sunflowers have been planted in Monywa Township, Monywa District, Sagaing Region in this year rain crops planting season, according to statistics from Department of Agriculture for Monywa Township.

During the 2024-2025 rain crops planting season, 924 acres of sunflowers have been earmarked to plant in Monywa Township and 945 acres have been planted since June this year.

"In order to reduce the import of palm oil from abroad, the cultivation of sunflower, which is an oilseed crop, has been expanded. Sunflower produces more oil per acre than other peanut and sesame seeds. Sunflowers are mostly planted in winter," said U Soe Thet Aung, head of the Department of Agriculture for Monywa Township.

In Monywa Township, the Township Department of Agriculture is speeding up the educational courses for the expansion of sunflower cultivation and training courses are being conducted at a high speed for the employees and the farmers who will grow sunflowers to improve their performance.

**SMK**

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းကော်မတီဝင်ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဥက္ကဋ္ဌ(၁)ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်းသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ် မတ်လ ၁၅ ရက်တွင် အပြီးဆောင်ရွက်ရန် လမ်းညွှန်ထားရှိကြောင်း၊ ယခုအစည်းအဝေးတွင် ရည်မှန်းထားသည့် အချိန်ကာလတွင် ပြန်လည်တည်ဆောက်မှု မပြီးနိုင်သည့်လုပ်ငန်းများရှိပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ချက်များတင်ပြရန်ဖြစ်ကြောင်း၊ မိုးလေဝသကြိုတင်ခန့်မှန်းချက်အရ ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများနှင့် မြန်မာနိုင်ငံအပေါ် သက်ရောက်မှုများအား တုံ့ပြန်ဆောင်ရွက်နိုင်ရေးလုပ်ငန်းကော်မတီများအလိုက်၊ ဒေသအလိုက် ပြင်ဆင်ထားရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရေဘေးပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို တင်ပြကြရာတွင် အချက်အလက်များ ပြည့်ပြည့်စုံစုံဖြင့် ဖော်ပြကြစေလိုကြောင်း၊ လက်ရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများအတွက် ပြီးစီးနိုင်မည့်အခြေအနေတို့ကို ဖော်ပြတင်ပြဆွေးနွေးကြရန်တို့ကို ပြောကြားသည်။

အစည်းအဝေးတွင် ရာဂိမုန်တိုင်းနှင့် ဆက်စပ်၍ ရေကြီး/ရေလျှံမှုဖြစ်ပွားခဲ့သော နေပြည်တော်ကောင်စီ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် သေဆုံးခဲ့ရသူများ၏ မိသားစုများသို့ ထောက်ပံ့ပြီးစီးမှု၊ နေအိမ်လုံးဝပျက်စီးမှု၊ တစ်စိတ်တစ်ပိုင်းပျက်စီးမှု ဖြစ်ပေါ်ခဲ့သော အိမ်ထောင်စုများသို့ ထောက်ပံ့ပြီးစီးမှု၊ ထိခိုက်ခဲ့သော စပါးစိုက်တောင်သူလယ်သမားများ၊ ငါးမွေးမြူရေးလုပ်ကိုင်သူများ၊ တိရစ္ဆာန်မွေးမြူသူများသို့ ထောက်ပံ့ရေးဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန နယ်စပ်၊ ကျေးလက်၊ စည်ပင်သာယာ အစရှိသည့် လမ်း/တံတားများ ပြုပြင်ဆောင်ရွက်နေမှု၊ လျှပ်စစ်၊ ဆက်သွယ်ရေးလုပ်ငန်းများပြုပြင်နေမှု၊ မီးရထားလမ်းပိုင်းပျက်စီးခဲ့မှုများအပေါ် ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုများ၊ ပျက်စီးဆုံးရှုံးမှုစာရင်းဇယား ကိန်းဂဏန်းကောက်ယူစုစည်း အတည်ပြုနိုင်ရေးဆောင်ရွက်နေမှုများကို သက်ဆိုင်ရာနယ်မြေဒေသအလိုက်၊ လုပ်ငန်းဌာန၊ အဖွဲ့ အစည်းအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဥက္ကဋ္ဌများက တွေ့ကြုံနေရသည့်အခက်အခဲများပေါင်းစပ်ညှိနှိုင်းပေးရန်၊ လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ရန်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့ကြပြီး နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ကဏ္ဍအလိုက် ပြီးစီးရေးဆောင်ရွက်ပေးကြရန်၊ ထောက်ပံ့မှုလုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရှင်းလင်းပြည့်စုံစွာ ပြုစုတင်ပြရေးနှင့် မှတ်တမ်း၊ အထောက်အထားများ စနစ်တကျထားရှိရန်တို့ကို မှာကြားခဲ့ကြကြောင်း သိရသည်။

(၅၀၀)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ငါးနှစ်သင်တန်း အမှတ်စဉ်(၆)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကျင်းပ






နေပြည်တော် အောက်တိုဘာ ၃၀

ပညာရေးဘွဲ့ငါးနှစ်သင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အထူးဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဧည့်သည်တော်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ ဌာနကြီးမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုများတက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်မောင်မယ်များကို အဆင့်မြင့်ပညာရပ်များ အခမဲ့သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှယနေ့အထိ မဟာပညာရေးဘွဲ့ ၁၅၆ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၅၈၆ ဦး၊ ဆရာအတတ်သင်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်းဆရာအတတ်သင် ၉၅၆ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်းဆရာအတတ်သင် ၄၆၁ ဦး စုစုပေါင်းဘွဲ့ရပညာတတ်တိုင်းရင်းသားလူငယ် ၁၄၂၈၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

သင်တန်းဆင်းမောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံနှင့်ပြည်သူက အားကိုးအားထားပြုရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆု၊ ဆရာအတတ်ပညာဘာသာထူးချွန်ဆု၊ စာပေဘာသာထူးချွန်ဆု(ဝိဇ္ဇာတွဲ)၊ စာပေဘာသာထူးချွန်ဆု(ဝိပ္ပံတွဲ) ဆုရကျောင်းသူများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က စာပေဘာသာထူးချွန်ဆု (သိပ္ပံတွဲ)၊ တိုင်းရင်းသားဘာသာ၊ စာပေနှင့်ယဉ်ကျေးမှုထူးချွန်ဆု၊ ဖွံ့ဖြိုးရေးဘာသာ ထူးချွန်ဆုရကျောင်းသူများကိုလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းပညာရေးမှူးတို့က သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူ ၂၀၇ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင်ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရရှိသူများနှင့် မိသားစုဝင်များကိုတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကျောင်းဝင်းအတွင်း ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာစေရေးအတွက် မြန်မာပြည်မြေပုံအား ပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ တက္ကသိုလ်အဝင်မုခ်ဦး သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ တက္ကသိုလ်အတွင်း မြစ်ရေတင်သုံးစွဲနိုင်ရေး ရေမြောင်းများအား ပြန်လည်ပြုပြင်ဆောင်ရွက်မှု၊ အားကစားကွင်းနှင့် အားကစားခန်းမ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ အသားစားကြက်၊ ဥစားကြက်၊ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ကိုယ်စား ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည်ဧည့်သည်တော်များနှင့် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများအတွက်ချီးမြှင့်သော ဂုဏ်ပြုလက်ဆောင်များအားပေးအပ်၍ ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကိုကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၀)

HEALTH & SPACE

## ကင်ဆာရောဂါမှန်သမျှကို တစ်ချက်တည်းနဲ့ ကုသပေးမယ့် ကုထုံးအသစ်


ကင်ဆာရောဂါကျွမ်းနေပြီဖြစ်တဲ့ လူနာအများစုဟာ အမျိုးမျိုးသောကုထုံးများနဲ့ ကုသမှုများကို ကြိမ်ဖန်များစွာခံယူရပါတယ်။ ဒီလိုခံယူရမှုကြောင့်ပဲ များပြားလှစွာသော ဘေးထွက်ဆိုးကျိုးတွေကိုခံစားရသလို တစ်ခါတလေမှာ ကင်ဆာကုထုံး က ထိရောက်မှုမရှိတာကိုလည်း တွေ့ရပါတယ်။

ဒါကြောင့် MIT မှသုတေသနပညာရှင်များက ကင်ဆာလူနာများအတွက်အဆင်ပြေစေမယ့် ကုထုံးတစ်မျိုးကိုဖန်တီးလိုက်ပါတယ်။ သူတို့ဖန်တီးလိုက်တာက အလွန်သေးငယ်တဲ့အမှုန်လေးတွေပါ။

အမှုန်လေးတွေကို ကင်ဆာအကျိတ်ထဲတစ်ချက်တည်း ထိုးသွင်းလိုက်မှာဖြစ်ပါတယ်။ ကင်ဆာအကျိတ်ဆီရောက်သွားတဲ့အမှုန်လေးတွေက ကုထုံးနှစ်ခုကိုတစ်ပြိုင်နက်တည်းလုပ်မှာပါ။ တစ်ခုကအပူကုထုံးနဲ့ နောက်တစ်ခုကဓာတုကုထုံးပါ။

အပူကုထုံးက ကင်ဆာအကျိတ်ကို ဖြိုခွဲဖျက်ဆီးပေးတာဖြစ်ပြီး ဓာတုကုထုံးက ကင်ဆာရောဂါဖြစ်ပွားမှုကို ကုသပေးတာဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် ဒီလိုမျိုး ကုထုံးနှစ်မျိုးနဲ့ ကုသမှုခံယူဖို့ ကုထုံးတစ်မျိုးစီကို သီးခြားစီလုပ်ဆောင်ရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီကုထုံးက ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ပစ်တဲ့ကုထုံးလို့ဆိုနိုင်ပြီး ဆေးပညာလောကအတွက်တိုးတက်မှုကြီးတစ်ခုလည်းဖြစ်ပါတယ်။ **Ref: IE**

**K.H**



## နှစ်ပေါင်း ၃ ဒသမ ၉ ဘီလီယံကျော်က အင်္ဂါဂြိုဟ်ဟာ သက်ရှိများနေထိုင်နိုင်တဲ့ဂြိုဟ်တစ်ခုဖြစ်

သိပ္ပံပညာရှင်များရဲ့ နောက်ဆုံးတွေ့ရှိချက်အရဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၃ ဒသမ ၉ ဘီလီယံကျော်က အင်္ဂါဂြိုဟ်ဟာ သက်ရှိများနေထိုင်နိုင်တဲ့ ဂြိုဟ်တစ်ခုဖြစ်တယ်ဆိုတာကိုသိလိုက်ရပါတယ်။

လက်ရှိအချိန်မှာ အင်္ဂါဂြိုဟ်ဟာ သူ့ကိုကာကွယ်ပေးထားတဲ့သံလိုက်စက်ကွင်း မရှိတာကြောင့် အေးစက်ပြီးခြောက်သွေ့နေတယ်ဆိုပေမယ့် အရင်တစ်ချိန်တုန်းကဘာတွေဖြစ်ခဲ့လဲဆိုတာကို ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များက လေ့လာစူးစမ်းမှုတွေလုပ်ခဲ့တာပါ။

သုတေသနပညာရှင်များက အင်္ဂါဂြိုဟ်ရဲ့သံလိုက်စက်ကွင်းကို အဓိကထားပြီး လေ့လာခဲ့တာဖြစ်ပါတယ်။ သံလိုက်စက်ကွင်းဆိုတာက ဂြိုဟ်တစ်လုံးမှာသက်ရှိတွေတည်ရှိနေထိုင်နိုင်စေဖို့ ကူညီထောက်ပံ့ပေးတဲ့အရာတစ်ခုပါ။

အခုတော့ အင်္ဂါဂြိုဟ်ပေါ်က သံလိုက်စက်ကွင်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃ ဒသမ ၉ ဘီလီယံကျော်ကတည်းက ကွယ်ပျောက်သွားတယ်ဆိုတာကို တွေ့ရှိလိုက်ရတဲ့အတွက်အဲဒီဂြိုဟ်ပေါ်မှာ အရင်တုန်းက သက်ရှိတွေရှိနေခဲ့တယ်ဆိုတဲ့အထောက်အထားကိုသုတေသီများက ဖော်ထုတ်လိုက်နိုင်တာဖြစ်ပါတယ်။ သုတေသီတွေအနေနဲ့ ထပ်ပြီး ရှာဖွေရမယ့်အဖြေက သံလိုက်စက်ကွင်းဟာ ဘာကြောင့်ဒီလိုမျိုးဖြစ်ရတာလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။


**Ref: IE**

**K.H**



INNOVATION

## ကွန်းကော့ထက်နှစ်ဆပိုမြန်မယ့် ခရီးသည်တင်လေယာဉ်ပုံစံကို တရုတ်စမ်းသပ်




ပေကျင်းမြို့အခြေစိုက် တရုတ်ကုမ္ပဏီတစ်ခုက သူတို့အနေနဲ့ကမ္ဘာ့ပထမဆုံးသော အသံထက်မြန်ခရီးသည်တင်လေယာဉ်ဖြစ်တဲ့ ကွန်းကော့လေယာဉ်ထက်နှစ်ဆပိုမြန်တဲ့ ခရီးသည်တင်လေယာဉ်ရှေ့ပြေးပုံစံတစ်မျိုးကို စမ်းသပ်လိုက်နိုင်တယ်လို့ဆိုပါတယ်။

Space Transportation ဆိုတဲ့ကုမ္ပဏီက Yunxing အမည်ရှိ ခရီးသည်တင်လေယာဉ်ရဲ့ရှေ့ပြေးပုံစံစမ်းသပ်ပျံသန်းမှုကို အောင်မြင်စွာလုပ်ဆောင်လိုက်နိုင်တာပါ။ သူတို့ကုမ္ပဏီရဲ့ထုတ်ပြန်ချက်အရဆိုရင် အဲဒီလေယာဉ်က အသံထက်လေးဆမြန်တဲ့နှုန်း သို့မဟုတ် တစ်နာရီ ၃၀၆၉ မိုင်နှုန်းနဲ့ပျံသန်းနိုင်စွမ်းရှိတယ်လို့သိရပါတယ်။ လာမယ့်လမှာ လေယာဉ်အတွက်အင်ဂျင်ကို စမ်းသပ်မှုလုပ်ဖို့စီစဉ်ထားပြီး ၂၀၂၇ ခုနှစ်မှာတော့ အသံထက်မြန်ခရီးသည်တင်လေယာဉ်အစစ်ကြီးကိုပျံသန်းနိုင်ဖို့လုပ်ဆောင်နေပါတယ်။ **Ref: IE**

**K.H**

## နေအိမ်သုံးသန်းကိုအလင်းပေးမယ့် ကမ္ဘာ့ပထမဆုံးလူလုပ်ကျွန်း




ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်က အယ်လီယာဆိုတဲ့စွမ်းအင်ကုမ္ပဏီကို ယူရိုသန်း ၆၅၀ ပံ့ပိုးပေးဖို့အတွက်သဘောတူလိုက်ပါတယ်။ အယ်လီယာဆိုတာ ဘယ်ဂျီယံနိုင်ငံအခြေစိုက် စွမ်းအင်ကုမ္ပဏီပါ။ အခုဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်က ပံ့ပိုးပေးတယ်ဆိုတာကလည်း ကမ္ဘာ့ပထမဆုံးသော လူလုပ်စွမ်းအင်ထုတ်လုပ်ရေးကျွန်းကြီးတည်ဆောက်ဖို့ဖြစ်ပါတယ်။

အဲဒီစီမံကိန်းကို အဲလိဇဘတ်မင်းသမီးကျွန်းလို့အမည်ပေးထားပြီး ဒီကျွန်းကနေ ၃ ဒသမ ၅ ဂစ်ဂါဝပ်ပမာဏရှိတဲ့ လျှပ်စစ်စွမ်းအင်ကို လေအားလျှပ်စစ်ကနေတစ်ဆင့်ထုတ်ယူကာ အိမ်ခြေပေါင်းသုံးသန်းကျော်ကိုအလင်းရောင်ပေးနိုင်မှာပါ။

ဒီစီမံကိန်းကိုအကောင်အထည်ဖော်ရတဲ့အတွက် ဘယ်ဂျီယံနိုင်ငံက ရုပ်ကြွင်းလောင်စာအပေါ် မှီခိုနေရမှုကို သိသိသာသာ လျှော့ချနိုင်မှာဖြစ်ပြီး ဥရောပသမဂ္ဂရဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရည်မှန်းချက်ကို ပြည့်စေမှာဖြစ်ပါတယ်။ **Ref: IE**

**K.H**

## သမုဒ္ဒရာကိုကာဗွန်ကင်းစေမယ့် ကာဗွန်ဒိုင်အောက်ဆိုက်စားရေညှိမျိုးစိတ်



အမေရိကန်နဲ့အီတလီတို့မှ သိပ္ပံပညာရှင်များက ဆိုင်ယာနိုဗက်တီးရီးယားလို့ခေါ်တဲ့ ရေညှိမျိုးစိတ်ကို ရေအောက်မီးတောင်နေရာတွေကနေ တွေ့ရှိလိုက်ပါတယ်။ အဲဒီရေညှိမျိုးစိတ်က သာမန်ရေညှိတွေလိုမျိုးမဟုတ်ပါဘူး။ သူဟာကာဗွန်ဒိုင်အောက်ဆိုက်နဲ့ထိတွေ့မိတဲ့အခါ လျင်မြန်စွာကြီးထွားလာတတ်တဲ့ ရေညှိမျိုးစိတ်တစ်မျိုးဖြစ်နေပါတယ်။

သူက ရေထဲမှာလည်းကောင်းမွန်စွာပျော်ဝင်နိုင်စွမ်းရှိတာကြောင့် ကာဗွန်ကိုဖယ်ရှားမယ့် စီမံကိန်းများ၊ တန်ဖိုးကြီးတဲ့ လူသုံးကုန်ပစ္စည်းများကို ဇီဝနည်းနဲ့ထုတ်လုပ်မှုတို့အတွက် အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် သူ့ကိုကောင်းစွာအသုံးချနိုင်မယ်ဆိုရင် သမုဒ္ဒရာကိုကာဗွန်ကင်းစင်စေမယ့် နည်းလမ်းတစ်ခုဖြစ်လာစေနိုင်တယ်လို့ သုတေသနပညာရှင်များကပြောထားပါတယ်။ **Ref: IE**

**K.H**

# ရှန်းကျိုး-၁၉ မှ အာကာသယာဉ်မှူးများ ထျန်းကုန်းအာကာသစခန်းသို့ရောက်ရှိ

**ပေကျင်း၊ အာကာသ**

တရုတ်နိုင်ငံမှ အသက်အငယ်ဆုံး အာကာသယာဉ်မှူးများလိုက်ပါလာသည့် ရှန်းကျိုး-၁၉ အာကာသယာဉ်မှ ယာဉ်မှူးများသည် အောက်တိုဘာလ ၃၀ ရက်တွင် ထျန်းကုန်းအာကာသစခန်းသို့ရောက်ရှိလာပြီဖြစ်ကြောင်းသိရသည်။

ရှန်းကျိုး-၁၉ အာကာသယာဉ်သည် အောက်တိုဘာလ ၃၀ ရက်နံနက်အစောပိုင်းတွင် ကျူးကွမ်းအာကာသယာဉ်လွှတ်တင်ရေးစင်တာမှထွက်ခွာသွားပြီးနောက် ခြောက်နာရီခွဲခန့်အကြာ နံနက် ၁၁ နာရီတွင် ထျန်းကုန်းအာကာသစခန်းနှင့် ချိတ်ဆက်နိုင်ကာ မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်တွင်အာကာသယာဉ်မှူးအသစ်များက အာကာသစခန်းထဲသို့ အောင်မြင်စွာဝင်သွားနိုင်ခြင်းဖြစ်သည်။

အဆိုပါအာကာသယာဉ်မှူးများအနက် စုန်လင်းတုန်နှင့် ဝမ်ဟောင်ဇီတို့မှာ ၁၉၉၀ ပြည့်နှစ်ဖွားသူများဖြစ်ကာ တရုတ်နိုင်ငံ၏ အသက်အငယ်ဆုံးအာကာသယာဉ်မှူးများဖြစ်လာသည်။ ထို့ပြင် ဝမ်ဟောင်ဇီမှာ အမျိုးသမီးတစ်ဦးဖြစ်သည့်အတွက် တရုတ်နိုင်ငံ၏အာကာသခရီးသွားသမိုင်း၌ ပထမဆုံးသော အမျိုးသမီးအာကာသယာဉ်မှူးဖြစ်လာသည်။

ယခုအာကာသယာဉ်လွှတ်တင်ရေးအစီအစဉ်သည် လေးခေါက်မြောက်လူပါသည့်ခရီးစဉ်ဖြစ်ပြီး တရုတ်နိုင်ငံ၏ လူပါသော အာကာသအစီအစဉ်အတွက် ၃၃ ကြိမ်မြောက်လွှတ်တင်မှုဖြစ်သည်။

လက်ရှိ ရောက်ရှိသွားပြီဖြစ်သည့် အာကာသယာဉ်မှူးသုံးဦးသည် ယခင်ရှိနေသည့်အာကာသယာဉ်မှူးများနှင့်တာဝန်များလဲလှယ်ပြီး ထျန်းကုန်းအာကာသစခန်း၌ ခြောက်လခန့်နေထိုင်ကာ သုတေသနပြုလေ့လာမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

**Ref: GT**



# ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်များပြင်းထန်လာဟု ပညာရှင်များပြော

**လန်ဒန်၊ ရာသီဥတု**

ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်များပြင်းထန်လာခြင်းဖြစ်ပြီး ယင်းနှင့်ဆက်စပ်၍ စားနပ်ရိက္ခာများလည်း ရှားပါးလာရကြောင်း ကျွမ်းကျင်ပညာရှင်များက သတိပေးထားသည်။

၂၀၂၃ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သောအပူချိန်သည် မှတ်တမ်းတစ်လျှောက်အပူဆုံးသောနှစ်ဖြစ်ပြီး လူများအနေဖြင့် သာမန်ထက်ရက်ပေါင်း ၅၀ ပို၍အပူဒဏ်ကို ခံစားရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် ကျွမ်းကျင်ပညာရှင်များက အောက်တိုဘာလ ၂၉ ရက်တွင် သတိပေးထားခြင်းဖြစ်သည်။

အပူချိန်မြင့်တက်မှုဒဏ်ကိုအများဆုံးခံစားရပြီး သေဆုံးရသူများမှာ အသက် ၆၅ နှစ်အထက် ရှိသူများဖြစ်ကြောင်း၊ ထိုပမာဏသည် ၁၉၉၀ ပြည့်နှစ်အလွန်ကာလများတွင် အလားတူဖြစ်စဉ်ကြောင့် သေဆုံးရသူများထက် ၁၆၇ ရာခိုင်နှုန်းပိုများလာကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အပူချိန်မြင့်တက်မှုများကြောင့် ရောဂါဘယများလည်းတိုးမြင့်ဖြစ်ပေါ်လာကြောင်းနှင့် ပိုးမွှားများလည်းများပြားလာကြောင်း ပညာရှင်များကပြောထားသည်။

အလားတူ အပူချိန်မြင့်တက်လာသည့်အတွက် စိုက်ပျိုးမြေများသည်လည်း ရေလုံလောက်စွာမရရှိသောကြောင့် စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုများနှင့်လည်း ရင်ဆိုင်ရခြင်းဖြစ်ကြောင်း ပညာရှင်များက ပြောသည်ဟုသိရသည်။

**Ref: RTA**



# မြောက်ကိုရီးယားက တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်နိုင်ဟုဆို

**ဆိုး၊ စစ်ရေး**

မြောက်ကိုရီးယားနိုင်ငံက အမေရိကန်ရွေးကောက်ပွဲအချိန်နှင့်ကိုက်၍ တိုက်ချင်းပစ်ဒုံးကျည်ကိုစမ်းသပ်ပစ်လွှတ်နိုင်ကာ လက်ရှိတွင် ဒုံးပစ်လောင်ချာများကို အသင့်ပြင်ဆင်နေကြောင်းထောက်လှမ်းရေးသတင်းများကိုကိုးကား၍တောင်ကိုရီးယားလွှတ်တော်အမတ်များက အောက်တိုဘာလ ၃၀ ရက်တွင်ပြောသည်။

ထို့ပြင် နိုဝင်ဘာလ ၅ ရက်ဝန်းကျင်၌ မြောက်ကိုရီးယားက ၎င်းတို့၏ မဟာဗျူဟာမြောက်လက်နက်များဖွံ့ဖြိုးတိုးတက်မှုကိုပြသသည့်အနေဖြင့် တာဝေးပစ်ဒုံးကျည် သို့မဟုတ် ခုနစ်ကြိမ်မြောက်နျူကလီးယားစမ်းသပ်မှုကိုလုပ်ဆောင်နိုင်သည်ဟုလည်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောထားသည်။

ယခုစမ်းသပ်မှုတွင် ဒုံးကျည်ထိပ်ဖူးက လေထုထဲ ပြန်လည်ဝင်ရောက်မှုအတွက် နည်းပညာပိုင်းဆိုင်ရာအတည်ပြုမှုရရှိစေရန် အဓိကဦးတည်ခြင်းဖြစ်နိုင်ကြောင်းနှင့် ရွေ့လျားဒုံးပစ်လောင်ချာများကို အတိအကျမသိရသောနေရာသို့ရွှေ့ပြောင်းနေရာချထားကာ အသင့်ပြင်ဆင်ထားကြောင်း လွှတ်တော်အမတ် လီဆောင်ကွမ်းက ပြောသည်ဟုသိရသည်။

**Ref: TST**

## သတင်းတိုကဏ္ဍ

### ထိုင်ဝမ်ကျွန်းအနေဖြင့် ၁၉၉၂ ခုနှစ် သဘောတူညီချက် အတိုင်းပြန်သွားရန် တရုတ်ပြည်မကြီးတိုက်တွန်း

ထိုင်ဝမ်ကျွန်းအနေဖြင့် ၁၉၉၂ ခုနှစ် သဘောတူညီချက်အတိုင်းပြန်သွားရန် တရုတ်ပြည်မကြီးက အောက်တိုဘာလ ၃၀ ရက်တွင် တိုက်တွန်းလိုက်ကြောင်း သိရသည်။ ထိုသဘောတူညီချက်ကို နှစ်ဖက်စလုံးကသဘောတူခြင်းဖြစ်ပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးတို့အတွက် အဓိကအားထားရာဖြစ်သည်ဟု နိုင်ငံတော်ကောင်စီထိုင်ဝမ်ကျွန်းရေးရာရုံးမှပြောရေးဆိုခွင့်ရှိသူ ဇူဖန်းလျန်ကပြောသည်။

၁၉၉၂ ခုနှစ် သဘောတူညီချက်တွင် ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေးနှင့် ပတ်သက်၍သတ်မှတ်ချက်များကို အတိအလင်းဖော်ပြထားကြောင်း၊ ပြည်မကြီးနှင့်ထိုင်ဝမ်ကျွန်းတို့သည် တရုတ်နိုင်ငံသားလျှင်ဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက်ကြားဆက်ဆံရေးသည် နိုင်ငံအချင်းချင်းဆက်ဆံရေးမဟုတ်သကဲ့သို့ တရုတ်ကတစ်နိုင်ငံ၊ ထိုင်ဝမ်ကျွန်းကတစ်နိုင်ငံဟူ၍ သတ်မှတ်ထားခြင်းလည်းမဟုတ်ကြောင်း သဘောတူညီချက်တွင်ဖော်ပြထားသည်ဟု ဇူဖန်းလျန်ကဆက်ပြောသည်။

**Ref: Xinhua**

### စပိန်၌ ရုတ်တရက်ရေကြီးမှုများဖြစ်ပွားသောကြောင့် အနည်းဆုံး လူ ၆၂ ဦးသေဆုံး

စပိန်နိုင်ငံအရှေ့ပိုင်း ဗယ်လင်စီယာဒေသတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ရုတ်တရက်ရေကြီးမှုများဖြစ်ပွားသောကြောင့် အနည်းဆုံး လူ ၆၂ ဦးသေဆုံးကာ လမ်းများ၊ မြို့များတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်သွားကြောင်း တာဝန်ရှိသူများက အောက်တိုဘာလ ၃၀ ရက်တွင်ပြောသည်။

ရေကြီးမှုများကြောင့် ဒေသခံများမှာ ရေထဲတွင် ကူကယ်ရာမဲ့နေသည့်ပုံများ၊ ရေစီးနှင့်မျောပါမသွားစေရန် သစ်ပင်များအပေါ်တွယ်တက်နေရသည့်ပုံများသည် အွန်လိုင်းပေါ်ရောက်ရှိလာသည်ကိုတွေ့ရသည်။

ထို့ပြင်ပြည်သူများအနေဖြင့် ကုန်းလမ်းမှတစ်ဆင့် ခရီးသွားလာမှုမလုပ်ရန်နှင့် တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်များကို နားစွင့်ထားရန် ကယ်ဆယ်ရေးအဖွဲ့များက ပြောသည်။ လက်ရှိတွင် အရပ်ဘက်ကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ စစ်ဘက်တပ်ဖွဲ့ဝင်များကလည်း ကူညီပေးလျက်ရှိကြောင်းသိရသည်။ **Ref: BP, Xinhua**

### ၂၀၄၀ ပြည့်နှစ်တွင် လူတူစက်ရုပ်အလုံးရေ ၁၀ ဘီလီယံအထိရှိလာမည်ဟု အီလွန်မက်ပြော

၂၀၄၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာပေါ်၌ လူတူစက်ရုပ်အလုံးရေ ၁၀ ဘီလီယံအထိရှိလာမည်ဖြစ်ကြောင်း နည်းပညာဆိုင်ရာသူဌေးကြီးဖြစ်သည့် အီလွန်မက်က ပြောသည်။

ထို့ပြင် စက်ရုပ်များ၏ဈေးနှုန်းသည် ဒေါ်လာ ၂၀၀၀၀ မှ ၂၅၀၀၀ ကြားရှိမည်ဟု အောက်တိုဘာလ ၂၉ ရက်တွင် ဆောင်ရွက်သော အနာဂတ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ညီလာခံ၌ အီလွန်မက်က ပြောခြင်းဖြစ်သည်။

အီလွန်မက်သည် နည်းပညာမြင့်ကုန်ပစ္စည်းများဖြစ်သော ဉာဏ်ရည်တု၊ မောင်းသူမဲ့ကားနှင့် စက်ရုပ်များထုတ်လုပ်မှုကို အဓိကဦးစားပေးဆောင်ရွက်နေသူတစ်ဦးဖြစ်သည်။

လက်ရှိတွင် အော့ပတီးမတ်ဟုအမည်ရသည့်စက်ရုပ်များသည် ယခုနှစ်အကုန်ပိုင်းတွင် တက်စလာမော်တော်ကားထုတ်လုပ်ရေးစက်ရုံများ၌ အလုပ်ဝင်မည်ဖြစ်ကြောင်း၊ ဘေးကင်းမှုမရှိသည့်အလုပ်များအတွက် စက်ရုပ်များကိုအသုံးပြုမည်ဖြစ်ကြောင်း အီလွန်မက်က အစောပိုင်းတွင်ပြောထားသည်။

**Ref: BP**

### BRICS ထိပ်သီးညီလာခံ၏ရလဒ်က ရုရှားကိုသင်းခွဲရန် အနောက်အုပ်စု၏ကြိုးပမ်းမှုမအောင်မြင်ခြင်းကိုပြသ

(၁၆)ကြိမ်မြောက် BRICS ထိပ်သီးညီလာခံ၏ရလဒ်များက ရုရှားကိုသင်းခွဲရန် အနောက်အုပ်စု၏ကြိုးပမ်းမှု မအောင်မြင်ခြင်းကိုပြသနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က အောက်တိုဘာလ ၃၀ ရက်တွင်ပြောသည်။

အမေရိကန်ဦးဆောင်သောအနောက်နိုင်ငံများက ရုရှားကိုနိုင်ငံတကာအသိုင်းအဝိုင်းမှသင်းခွဲရန်ကြိုးပမ်းသော်လည်း ကမ္ဘာ့နိုင်ငံကြီးများက အမေရိကန်၏အလိုကိုလိုက်ခြင်းမရှိကြောင်း BRICS ထိပ်သီးညီလာခံကပြသနေသည်ဟု လက်ရော့က ပြောသည်။

ထို့ပြင် ရုရှားနိုင်ငံ၏လုံခြုံရေး၊ ရုရှားပြည်သူများ၊ တစ်နယ်တည်းသားများ၏ အသက်အိုးအိမ်ဂုဏ်သိက္ခာ၊ ၎င်းတို့အနေဖြင့် ၎င်းတို့၏ဘိုးဘွားများနေထိုင်ရာနေရာ၌ နေထိုင်ခွင့်၊ မိရိုးဖလာဘာသာစကားကို ပြောဆိုခွင့်၊ သမိုင်းကြောင်းနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာစံနှုန်းများကို ထိန်းသိမ်းခွင့်တို့သည် သေချာသွားပြီဖြစ်ကြောင်း ပြည်ပရှိ ရုရှားတစ်နယ်တည်းသားများ၏ (၈)ကြိမ်မြောက် ကမ္ဘာ့ကွန်ဂရက်၌ လက်ရော့က ပြောခြင်းဖြစ်သည်။

**Ref: Sputnik**

# ရာဂိမုန်တိုင်းကြောင့် သဘာဝဘေးဖြစ်ပွားခဲ့သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

## နေပြည်တော်



နေပြည်တော် အောက်တိုဘာ ၁၀

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရာဂိမုန်တိုင်းကြောင့် သဘာဝဘေးဖြစ်ပွားခဲ့သည့်မြို့နယ်များ၌ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့သူများ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များ၊ ပရဟိတအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်အတွင်း ရာဂိမုန်တိုင်းကြောင့် သဘာဝဘေးဖြစ်ပွားခဲ့သည့်မြို့နယ်များ၌ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်များ၊ ပရဟိတအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ထောက်ပံ့ငွေများပေးအပ်ကြရာ ကူညီကယ်ဆယ်ရေးဆောင်ရွက်သူများကိုယ်စား နေပြည်တော် မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ပြီး ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

## ပဲခူး



ပဲခူး အောက်တိုဘာ ၁၀

ပဲခူးမြို့ မြို့တော်ခန်းမ၌ ရာဂိမုန်တိုင်းသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရာဂိမုန်တိုင်းသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ဝင်းထွဋ်လေးက မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်က ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုကယ်ဆယ်စောင့်ရှောက်ရေးအသင်းများကိုလည်းကောင်း စုစုပေါင်းဂုဏ်ပြုငွေကျပ် ၆၈၅ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရာဂိမုန်တိုင်းသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြားဌာနနှင့် အဖွဲ့အစည်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## ဘားအံ

ဘားအံ အောက်တိုဘာ ၁၀

ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုနှင့် ရာဂိမုန်တိုင်းအရှိန်တို့ကြောင့် ဘေးဒဏ်သင့်ခဲ့သည့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည့် တပ်မတော်၊ ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား တစ်ဖွဲ့လျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ၁၃ ဖွဲ့အတွက် စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၆၅ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ရာ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည့် တပ်မတော်၊ တပ်ရင်း/တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## လွိုင်ကော်



လွိုင်ကော် အောက်တိုဘာ ၁၀

ကယားပြည်နယ် လွိုင်ကော်မြို့ ရေကြီးရေလျှံခြင်း သဘာဝဘေးဖြစ်စဉ်တွင် ကူညီ/ကယ်ဆယ်ရေးလုပ်ငန်းများ၌ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများနှင့် ငွေ/ပစ္စည်းလှူဒါန်းထောက်ပံ့ခဲ့သူများ ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးအောင်ကျော်ခိုင်က ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပရဟိတအဖွဲ့များကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက သာသနာ့ဗိမာန် ဥတ္တရာရုံပရိယတ္တိစာသင်တိုက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းရေဘေးကယ်ဆယ်ရေးစခန်းများ၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများကိုလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ခဲ့သည်။ ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများအတွက် ငွေ၊ ပစ္စည်းများလှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ တာဝန်ရှိသူများကလက်ခံရယူခဲ့ကြောင်းသိရသည်။ ပြည်နယ်(ပြန်/ဆက်)

## ရေကြီးနစ်မြုပ်ခဲ့သည့်ဒေသများအတွက် တိရစ္ဆာန်အစာအိတ်များ ပံ့ပိုးပေးအပ်

ကြံခင်း အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရေကြီးနစ်မြုပ်ခဲ့သည့်ဒေသများအတွက် တိရစ္ဆာန်အစာအိတ်များ ပံ့ပိုးပေးအပ်ပွဲကို အောက်တိုဘာလ ၂၉ ရက်က အဆိုပါဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ပြီးခဲ့သည့်ဇူလိုင်လက သဘာဝဘေး(ရေဘေး)ကြောင့် ကြံခင်းမြို့နယ်ရှိ ရေကြီးနစ်မြုပ်ခဲ့သော ဆုံလဲကျေးရွာအုပ်စု၊ မဲကုန်းကျေးရွာအုပ်စု၊ ရေလယ်ကျွန်းကျေးရွာအုပ်စုနှင့် မြို့မရပ်ကွက်ကျွန်းကြီးတို့၌ မွေးမြူထားသော တိရစ္ဆာန်များအတွက် အစာအိတ် ၅၀ ကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းကိုနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၏ လက်ဝယ်အရောက် ပံ့ပိုးပေးအပ်ကြသည်။

ကြံခင်းမြို့နယ်အတွင်း သဘာဝဘေးဒဏ်ခံခဲ့ရသည့်ဒေသများရှိ တိရစ္ဆာန်များ အစာရေစာပြတ်လပ်မှုမရှိစေရေးအတွက် အစာအိတ်ပံ့ပိုးပေးခြင်းဖြင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော ကျေးရွာနေပြည်သူများ မွေးမြူရေးကဏ္ဍမြင့်မားစေရန်နှင့် အကျိုးစီးပွားဖြစ်ထွန်းစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ အစာအိတ်ပံ့ပိုးပေးခြင်းမှာ တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

# ယခုနှစ် ပင်လယ်ပြင် ငါးဖမ်းရာသီ ငါးအထိအမိကောင်း

ရန်ကုန်   အောက်တိုဘာ   ၃၀

ယခုနှစ် ပင်လယ်ပြင် ငါးဖမ်းရာသီတွင် နိုင်ငံတော်မှ ရေယာဉ်စက်သုံးဆီများ ဖြည့်ဆည်းဆောင်ရွက်ပေးမှုကြောင့် ငါးဖမ်းစက်လှေများ လုပ်ငန်းပုံမှန်လည်ပတ်နိုင်ပြီး ယမန်နှစ်ကထက် ငါးအထိအမိကောင်းမွန်မှုရှိကြောင်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာ့ပင်လယ်ပြင် ကမ်းရိုးတန်းတစ်လျှောက်တွင် ငါး/ပုစွန်ဖမ်းဆီးသည့် ကမ်းဝေး ငါးဖမ်းစက်လှေ ၃၀၀၀ ခန့်နှင့် ကမ်းနီး ၂၀၀၀၀ ကျော်ရှိပြီး ရရှိသော ငါး/ပုစွန်များကို ရန်ကုန်မြို့ ဆိပ်ကမ်း ၁၀ ခုရှိ သက်ဆိုင်ရာ ကုမ္ပဏီများထံ တင်ပို့ကြကာ ကုမ္ပဏီ အအေးခန်းစက်ရုံများမှတစ်ဆင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိကြောင်း သိရသည်။

ထိုသို့ တင်ပို့ရာတွင် ငါးသင်ဝ၊ ငါးတံခွန်၊ ငါးကွမ်းရှပ်၊ ငါးခေါင်းပွ၊ ငါးမုတ်အပါအဝင် ရေထွက်ကုန် ၁၀ မျိုးနှင့် ပင်လယ်ပုစွန် ၅ မျိုးကို ပြည်ပဈေးကွက်ဝင်အဖြစ် တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

နိုင်ငံတော်မှ ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာများကို နှစ်အလိုက်ရာခိုင်နှုန်းသတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**



ရန်ကုန်မြို့သို့ ဝင်ရောက်လာသည့် ရေထွက်ကုန်များအား သက်ဆိုင်ရာဆိပ်ကမ်းများသို့ပို့ဆောင်စဉ်။

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော်   အောက်တိုဘာ   ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာလ ၃၀ ရက်၌ ကန်ရေပြည့်ရေမှတ်အထက်ကျော်လွန်၍ ရေကျော်စီးဆင်းနေသည့် ရေလှောင်တမံမရှိပါ။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၃၀.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်                                                                        (၆ : ၀၀) နာရီ

**အကြောင်းအရာ ။     ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၃၀.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၃၃၄၆ | ၆၂၀.၂၅ | ၅၄၁၀၃၉ | ၁၈၄၅၀ (လျှပ်စစ်ထုတ်ရေ) | ၂.၁၄ | ၈၃၈၁ | - | - | - | ၆၂၂.၅၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၃ | ၆၂၇.၇၀ | ၂၈၈၀၇ | - | ၇.၃၀ | ၇၆၉၃ | - | - | - | ၆၂၇.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၄၀ | ၅၁၉.၁၀ | ၈၉၃၁၃ | - | ၀.၉၀ | ၂၄၅၇ | - | - | - | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၅၀ | ၁၀၄၅၂ | ၄ | ၂.၅၀ | ၁၈၀၅ | - | - | - | ၅၀၉.၆၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၀၁ | ၄၃၇.၈၀ | ၆၉၄၀၀ | ၁၂၅ | ၁.၂၀ | ၃၆၀၀ | - | - | - | ၄၃၇.၇၈ |
| ၆ | လေးလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၆၁ | ၇၃၆၈ | ၁၁ | ၂.၃၉ | ၁၃၅၀ | - | - | - | ၄၁၅.၆၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | - | ၇၀၃.၆၀ | ၁၀၇၉၇၃ | ၁၄၂ | ၆.၄၀ | ၃၅၁၁၇ | - | - | - | ၇၀၃.၆၄ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၂ | ၆၀၁.၈၀ | ၄၉၀ | ၆၁ | ၀.၂၀ | ၁၀ | - | - | - | ၆၀၁.၈၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၇ | ၈၆၃.၃၅ | ၁၀၀၅၉ | ၂၈ | ၆.၆၅ | ၄၅၄၁ | - | - | - | ၈၆၃.၄၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

## ထူးခြားသည့် နေ့အပူချိန်များ

၃၀-၁၀-၂၀၂၄

| | | | | |
|---|---|---|---|---|
| ရွှေဘို | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မိတ္ထီလာ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| သာစည်(လှိုင်းတက်) | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း တိုင်ဖွန်းမုန်တိုင်း(ရာဂိ)ဒဏ်ကြောင့် ရေဘေးသင့်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ဌာန/အဖွဲ့အစည်းများကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်အတွင်း တိုင်ဖွန်းမုန်တိုင်း(ရာဂိ)ဒဏ်ကြောင့် ရေဘေးသင့်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ဌာန/အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

